မှတ်ပုံတင်အမှတ်—၃၉

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ပြန်တမ်း

အမှတ် ၂၄ ] ရန်ကုန်မြို့ { ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက် ) } သောကြာနေ့ [ အတွဲ ၆၆

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။

## အပိုင်း ၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုအစိုးရအဖွဲ့**

**အမိန့်ကြော်ငြာစာအမှတ် (၃၂/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၄ ရက် )

**အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင် ပြင်ဆင်ဖွဲ့စည်းခြင်း**

ပြည်ထောင်စုအစိုးရအဖွဲ့၏ ၂၀၁၂ ခုနှစ်၊ အောက်တိုဘာလ ၁၈ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၂/၂၀၁၂) ဖြင့် ဖွဲ့စည်းခဲ့သော အများပြည်သူဝန်ဆောင်မှုသတင်းစာအုပ်ချုပ်ရေးအဖွဲ့တွင် အဖွဲ့ဝင် ဦးကျော်ဇောနိုင် (ဥပဒေပညာရှင်) ၏နေရာတွင် ဦးသီဟန်မျိုးညွန့် (ဥပဒေရေးရာကျွမ်းကျင်သူ) အား အဖွဲ့ဝင်အဖြစ် ပြင်ဆင်ဖွဲ့စည်းလိုက်ပါသည်။

အမိန့်အရ

ဇော်သန်းသင်း
အတွင်းရေးမှူး
ပြည်ထောင်စုအစိုးရအဖွဲ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**အမျိုးသားလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် ၂/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တန်ခူးလဆန်း ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက် )

၁။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၄) မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်စောဖြူသည် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၂ ရက်နေ့တွင် ကွယ်လွန်အနိစ္စရောက်ပါသည်။

၂။ ဦးမောင်စောဖြူအား အမျိုးသားလွှတ်တော်ဆိုင်ရာနည်းဥပဒေ ၈၅၊ ပုဒ်မခွဲ (စ) အရ လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ရပ်စဲလိုက်ပါသည်။

(ပုံ) ခင်အောင်မြင့်

ဥက္ကဋ္ဌ

အမျိုးသားလွှတ်တော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၇ ရက် )

**ကျွမ်းကျင်သူအဖြစ် ခန့်ထားခြင်း**

၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက် (သောကြာ) နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးမှ အကြံပေးအရာရှိ ဦးသန်းထွန်း (ဒုတိယညွှန်ကြားရေးမှူးချုပ်-အငြိမ်းစား) အား ကျွမ်းကျင်သူအဖြစ် တာဝန်ပေးအပ်၍ တစ်လလျှင် ချီးမြှင့်ငွေ ၄၀,၀၀၀/- နှုန်း ခံစားစေလျက် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်နေ့မှစ၍ ပထမအကြိမ် တစ်နှစ်ဆက်လက်ခန့်ထားလိုက်သည်။

တင်အေး

ဥက္ကဋ္ဌ

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကြေညာချက်အမှတ် (၁၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁၃ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၈ ရက် )

### ဟိုပန်ခရိုင် ကော်မရှင်အဖွဲ့ခွဲ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်အသီးသီးအတွက် ရွေးကောက်ပွဲများကို အောင်မြင်စွာကြီးကြပ်ကျင်းပနိုင်ရန်နှင့် နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရေးအတွက် ကြီးကြပ်ပေးနိုင်ရန် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေပုဒ်မ ၁၀ (ဂ) ပါ လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် ဟိုပန်ခရိုင်ကော်မရှင်အဖွဲ့ခွဲကို အောက်ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်လိုက်သည် -

| | | | |
|---|---|---|---|
| (က) | ဦးရဲမြင့် | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| ( ခ ) | ဦးတင်ဦး | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ( ဂ ) | ဦးစိုင်းအေးစီ | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဃ) | ဦးဆန်စု | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ( င ) | ဦးစိုင်းလိန်ခန်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| ( စ ) | ဦးကျက်ဆောင်း | အများယုံကြည်လေးစားခြင်းခံရသောပုဂ္ဂိုလ် | အဖွဲ့ဝင် |
| (ဆ) | ခရိုင်ဦးစီးဌာနမှူး<br>လူဝင်မှုကြီးကြပ်ရေးနှင့်<br>အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန | | အဖွဲ့ဝင် |
| ( ဇ ) | ကျန်းမာရေးဦးစီးဌာနမှူး<br>မြို့နယ်ကျန်းမာရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဈ) | မြို့နယ်ဥပဒေအရာရှိ<br>မြို့နယ်ဥပဒေရုံး | | အဖွဲ့ဝင် |
| (ည) | မြို့နယ်ပညာရေးမှူး<br>မြို့နယ်ပညာရေးမှူးရုံး | | အဖွဲ့ဝင် |
| ( ဋ ) | မြို့နယ်စာရင်းစစ်အရာရှိ<br>မြို့နယ်စာရင်းရုံး | | အဖွဲ့ဝင် |
| ( ဌ ) | မြို့နယ်မန်နေဂျာ<br>မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း | | အဖွဲ့ဝင် |
| ( ဍ ) | မြို့နယ်ဦးစီးမှူး<br>ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန | | အဖွဲ့ဝင် |
| ( ဎ ) | အမှုဆောင်အရာရှိ<br>မြို့နယ်စည်ပင်သာယာရေးဦးစီးဌာန | | အဖွဲ့ဝင် |
| (ဏ) | ဦးစီးအရာရှိ<br>ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | အတွင်းရေးမှူး |

၂။ ခရိုင်ကော်မရှင်အဖွဲ့ခွဲရုံးကို သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ဖွင့်လှစ်ရန် ဖြစ်သည်။

၃။ အပိုဒ် (၁) ပါအတိုင်း ဖွဲ့စည်းတာဝန်ပေးအပ်ထားသည့် ပြည်ထောင်စုရွေးကောက်ပွဲ ခရိုင်ကော်မရှင်အဖွဲ့ခွဲသည် ထုတ်ပြန်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပေးအပ်သောတာဝန်များကို ကျေပွန်စွာထမ်းဆောင်ကြရန် ဖြစ်ပါသည်။

အမိန့်အရ

ဝင်းကို
အဖွဲ့ဝင်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**နိုင်ငံတော်သမ္မတရုံး**

**သမ္မတရုံးဝန်ကြီးဌာန (၁)**

**ပြည်ထောင်စုဝန်ကြီးရုံး**

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

အမှတ် ၅ ။ ။ နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၁) တွင် တာဝန်ထမ်းဆောင်လျက်ရှိသော ဦးစီးအရာရှိ ဒေါ်နွယ်နွယ်မြင့်အား အစမ်းခန့်ကာလ (၁) နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

ဦးသိန်းညွန့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နိုင်ငံတော်သမ္မတရုံး၊
သမ္မတရုံးဝန်ကြီးဌာန (၁)။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**စက်မှုဝန်ကြီးဌာန**

**အမိန့်ကြော်ငြာစာအမှတ် (၃/၂၀၁၃-၂၀၁၄)**

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် )

၁။ **"စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးဌာနအဆင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ပြုပြင်ပြောင်းလဲမှုလေ့လာသုံးသပ်ရေးအဖွဲ့ (Working Group)"** အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်လိုက်ပါသည် -

(က) ဦးသိန်းအောင် ဥက္ကဋ္ဌ
ဒုတိယဝန်ကြီး
စက်မှုဝန်ကြီးဌာန

(ခ) ဦးသန်းထိုက် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စက်မှုစီမံကိန်းဦးစီးဌာန

(ဂ) ဦးစိုးလှိုင် — အဖွဲ့ဝင်
ညွှန်ကြားရေးမှူးချုပ်
စက်မှုကြီးကြပ်ရေးနှင့်စစ်ဆေးရေးဦးစီးဌာန

(ဃ) ဦးအေးသောင်း — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၁) အကြီးစားစက်မှုလုပ်ငန်း

(င) ဦးမြင့်နိုင် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၂) အကြီးစားစက်မှုလုပ်ငန်း

(စ) ဦးဇော်ဟိန်း — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ် (၃) အကြီးစားစက်မှုလုပ်ငန်း

(ဆ) ဦးဆောင်ညွှန်ကြားရေးမှူး — အဖွဲ့ဝင်
အထည်အလိပ်လုပ်ငန်း

(ဇ) ဒေါက်တာချိုဝင်းမော် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

(ဈ) ဦးရည်မွန် — အဖွဲ့ဝင်
ဦးဆောင်ညွှန်ကြားရေးမှူး
စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း

(ည) ဦးဝင်းမြင့် — အတွင်းရေးမှူး
ညွှန်ကြားရေးမှူးချုပ်
စက်မှုညွှန်ကြားရေးဦးစီးဌာန

၂။ အဆိုပါအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ပြည်သူလူထု၏အကျိုးစီးပွားနှင့် ဆန္ဒ၊ လိုလားချက်များကို ဖွဲ့စည်းထားသော Public Relation အဖွဲ့ငယ်များဖြင့် စုံစမ်းလေ့လာစေ၍ တွေ့ရှိချက်များကို ဌာန/လုပ်ငန်းအဆင့် Working Group များသို့ ချပြပြီး ၎င်း၏စိစစ်အကြံပြုချက်များ ရယူရန်။

(ခ) Public Relation အဖွဲ့ငယ်များ၏ လုပ်ငန်းစဉ်များ၊ ဌာန/လုပ်ငန်းအဆင့် Working Group များ၏ လုပ်ငန်းစဉ်များကို ချမှတ်ပေးရမည်ဖြစ်ပြီး လိုအပ်ပါက ရက်တိုသင်တန်းပေးခြင်းများကို ဆောင်ရွက်သွားရန်။

(ဂ) Public Relation အဖွဲ့ငယ်များကို စေလွှတ်၍ လူထုနှင့်ထိတွေ့စေလျက် လူထု၏ဆန္ဒသဘောထား စစ်တမ်းကောက်ယူခြင်း၊ လူထု၏ လတ်တလောလိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းပေးစေခြင်း၊ မိမိဌာနအား လူထုက မည်သို့မြင်သည်ကို လေ့လာစေပြီး ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်စေပြီး စိစစ်ချက်၊ အကြံပြုချက်နှင့် သုံးသပ်ချက်များကို Working Group သို့ ပေးပို့စေခြင်းများ ဆောင်ရွက်ရန်။

(ဃ) မိမိတို့ဌာနများ၏ လုပ်ငန်းအဆင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများသည် လူထုအတွက် အနှောင့်အယှက်ဖြစ်နေပါက ယင်းကို ဖော်ထုတ်ပြီး အစွမ်းကုန်ပြင်ဆင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မပြင်ဆင်နိုင်သည်များကို အများသိစေရန် ချပြအသိပေးခြင်း၊ လိုအပ်ပါက ဌာန/လုပ်ငန်းများ အပြန်အလှန်စစ်ဆေးစေခြင်း၊ လျှို့ဝှက်ဖော်ထုတ်စေခြင်း စသည်ဖြင့် ကြိုးကြပ်ဆောင်ရွက်သွားရန်။

(င) အဂတိလိုက်စားမှုပပျောက်ရေးအတွက် ပြစ်မှုကျူးလွန်သူဝန်ထမ်းများကို ဖော်ထုတ်အရေးယူနိုင်ရေးအတွက် စုံစမ်းခြင်း၊ သတင်းရယူခြင်း၊ စစ်ဆေးဖော်ထုတ်ခြင်းနှင့် ထိရောက်ဟန့်တားပြစ်ဒဏ်ချမှတ်အရေးယူခြင်း စသည်ဖြင့် ဝန်ထမ်းပိုင်းဆိုင်ရာ Mind Set များ လူထုအကျိုးပြုအမြင်ဖြစ်စေရေး ကြိုးကြပ်ဆောင်ရွက်ရန်။

(စ) လူထုဆန္ဒ စူးစမ်းလေ့လာနေစဉ် တစ်ချိန်တည်း၌ လက်အောက်ဌာနများအတွင်း စာရေးအဆင့်၊ ရုံးအုပ်/ကြီးကြပ်အဆင့်နှင့် အရာထမ်းအဆင့်ဟူ၍ အလွှာသုံးခု ခွဲခြား၍ ဆွေးနွေးပွဲများ ပြုလုပ်ပြီး ၎င်းတို့၏အမြင်နှင့် အကြံပြုချက်များ ရယူ၍ လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ လိုလားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ပေးရန်။

(ဆ) လူထုနှင့် ထိတွေ့ဆက်ဆံနေရသောဌာနများသည် တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ဆန်းစစ်ခံနိုင်မှု အရည်အသွေးရှိလာပြီး လုပ်ငန်းများအား အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးသည့် လူထုနှစ်ခြိုက်သော ဌာနကြီးတစ်ခုဖြစ်စေရေး နည်းလမ်းစုံအသုံးပြု၍ အစွမ်းကုန်ဆောင်ရွက်ပေးရန်။

(ဇ) မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို ပြင်ဆင်ရန် လိုအပ်ပါက Working Group သည် ပြည်ထောင်စုဝန်ကြီးထံသို့ တိုက်ရိုက်တင်ပြ၍ လမ်းညွှန်မှုခံယူသွားရန်။

(ဈ) အခြားလိုအပ်သည်များကိုလည်း ဖြည့်ဆည်းဆောင်ရွက်သွားရန်။

ဦးအေးမြင့်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**(ပြည်ထောင်စုဝန်ကြီးရုံး)**
**အမိန့်ကြော်ငြာစာအမှတ် ၂၅/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် )

အကြောင်းအရာ။ **Khine Lon Industrial Co., Ltd.၊ Pioneer Packaging Co., Ltd. နှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်းမှ ပြန်လည်ပယ်ဖျက်ရန်ကိစ္စ**

ရည်ညွှန်းချက်။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ (၂၃-၄-၂၀၁၃) ရက်စွဲပါ စာအမှတ်၊ ၁၈/၀၀၂-ပြည်ထဲရေး/အဖရ (၂၀၁၃)

၁။ Khine Lon Industrial Co., Ltd.၊ Pioneer Packaging Co., Ltd. နှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ထည့်သွင်းသတ်မှတ်ကြောင်း ရည်ညွှန်းချက်ပါ အမိန့်ကြော်ငြာစာ အမှတ် (၁/၂၀၁၁) ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

၂။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ရည်ညွှန်းပါစာအရ ဖော်ပြပါ ကုမ္ပဏီနှင့်လူပုဂ္ဂိုလ်များကို အမည်ပျက်စာရင်း (Black List) ထည့်သွင်းသတ်မှတ်ခြင်းအား ဤအမိန့်ကြော်ငြာစာဖြင့် ပြန်လည်ပယ်ဖျက်လိုက်သည်။

**အမည်ပျက်စာရင်း (Black List) မှ ပြန်လည်ပယ်ဖျက်သောကုမ္ပဏီနှင့်လူပုဂ္ဂိုလ်များ**

(က) ကုမ္ပဏီအမည် - ခိုင်လုံစက်မှုကုမ္ပဏီလီမိတက်
- Khine Lon Industrial Co., Ltd
ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၄၀၃/၂၀၀၇-၂၀၀၈ (၂၄-၈-၂၀၀၇)
သက်တမ်းကုန်ဆုံးရက် - ၂၃-၈-၂၀၁၁
လုပ်ငန်းအမျိုးအစား - စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း
လိပ်စာ - အမှတ် (၂၃၆)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

(ခ) ကုမ္ပဏီအမည် - ရွှေပြေးထုပ်ပိုးမှုလုပ်ငန်း ကုမ္ပဏီလီမိတက်
- Pioneer Packaging Co., Ltd
ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ - ၁၁၀၂/၂၀၀၄-၂၀၀၅ (၂၃-၁၁-၂၀၀၄)
သက်တမ်းကုန်ဆုံးရက် - ၂၂-၁၁-၂၀၀၆
လုပ်ငန်းအမျိုးအစား - စက်မှုလက်မှုနှင့်ထုတ်လုပ်မှုလုပ်ငန်း
လိပ်စာ - အမှတ် (၂၃၆)၊ ကနောင်မင်းသားကြီးလမ်း၊ စက်မှုဇုန် (၂)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်မဟုတ်သော တောင်ကိုရီးယားနိုင်ငံသား လူပုဂ္ဂိုလ် (၂) ဦး
(၁) အမည် Mr.Yoon Man Ki
(၂) အမည် Mr. Kim Yong Man

(ဃ) ဒါရိုက်တာအဖွဲ့ဝင်လူပုဂ္ဂိုလ် (၅) ဦး
(၁) ဒေါ်မြင့်မြင့်စိုး ၁၂/အစန (နိုင်) ၁၆၈၂၇၇ — အမှတ် (၃၅)၊ သုခလမ်း၊ ဖော့ကန်ရပ်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
(၂) ဒေါ်ရီရီထွန်း ၁၂/လမန (နိုင်) ၁၃၇၂၆၄ — အခန်းအမှတ် (၃၀၂)၊ တိုက် (၂)၊ မြနန္ဒာအိမ်ရာ၊ အုတ်ကျင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(၃) ဒေါ်ခေမာကြည် ၁၂/မရက (နိုင်) ၀၃၀၁၂၇ — အမှတ် (၇၃၇)၊ ဗိုလ်လရောင်လမ်း၊ (၃၈) ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။
(၄) ဦးအောင်ကျော်ထူး ၁၂/အစန (နိုင်) ၁၁၆၇၄၄ — အမှတ် (၉၉၆)၊ အောင်မင်္ဂလာလမ်း၊ အရှေ့ရွာမရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။
(၅) ဒေါ်အိအိမိုး ၁၂/ရကန (နိုင်) ၀၆၂၇၈၄ — တိုက်အမှတ် (၂၁၉)၊ အခန်း (၁၅)၊ အရှေ့ရန်ကင်း၊ (၃) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

ဆက်အောင်၊
ပြည်ထောင်စုဝန်ကြီး (ကိုယ်စား)၊
ဒုတိယဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၂၉/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၁၀ ရက် )

**ဖက်စပ်ကုမ္ပဏီ Sagaing June Pharmaceutical & Foodstuff Industry Ltd. (စစ်ကိုင်းဇွန် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်) အား ဖွဲ့စည်းတည်ထောင်ခြင်း**

၁။ စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှ အစုရှယ်ယာ ၈၀ ရာခိုင်နှုန်းနှင့် မြန်မာကုမ္ပဏီ ဇွန်ဆေးဝါးလီမိတက်မှ အစုရှယ်ယာ ၂၀ ရာခိုင်နှုန်းတို့ဖြင့် အကျိုးတူပူးပေါင်း၍ ရန်ကုန်မြို့၌ ရေညှိရေမှော်ဆက်စပ်ပစ္စည်းအမျိုးမျိုး၊ ဆေးနှင့်ဆေးပစ္စည်းများ၊ အိမ်သုံးဆေးဝါးနှင့် အခြားလူသုံးဆေးဝါးအမျိုးမျိုး၊ တိုင်းရင်းဆေးဝါးအမျိုးမျိုး၊ လူသုံးကုန်၊ အလှကုန်၊ အဖျော်ယမကာနှင့် စားသောက်ကုန်ပစ္စည်း၊ တိရစ္ဆာန်အစားအစာနှင့် မြေဩဇာထုတ်လုပ်ခြင်းအတွက် ကုန်ကြမ်းအမျိုးမျိုး၊ ဇီဝလောင်စာအမျိုးမျိုး ထုတ်လုပ်ခြင်းလုပ်ငန်းတို့ကို ဆောင်ရွက်ရန်အတွက် ဖက်စပ်ကုမ္ပဏီလီမိတက်တစ်ခုကို ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေအရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံး၍ အများနှင့်မသက်ဆိုင်သည့် ဖက်စပ်ကုမ္ပဏီလီမိတက် (Private Joint Venture Co., Ltd.) အဖြစ် ဖွဲ့စည်းတည်ထောင်ရန် ဤအမိန့်ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

**အမည်**

၂။ ဤဖက်စပ်ကုမ္ပဏီလီမိတက်ကို Sagaing June Pharmaceutical & Foodstuff Industry Ltd. (စစ်ကိုင်းဇွန် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်) ဟု ခေါ်တွင်စေရမည်။

**ဖက်စပ်ကုမ္ပဏီလီမိတက်၏ပထမအဖွဲ့ဝင်များ**

၃။ Sagaing June Pharmaceutical & Foodstuff Industry Ltd. (စစ်ကိုင်းဇွန် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်) ၏ ပထမအဖွဲ့ဝင်များအဖြစ် စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းနှင့် မြန်မာကုမ္ပဏီ ဇွန်ဆေးဝါးလီမိတက်တို့မှ အောက်ဖော်ပြပါပုဂ္ဂိုလ်များ ပါဝင်စေရမည် -

(က) စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

**ကိုယ်စားပြုသူများ**

(၁) ဒေါက်တာချိုဝင်းမော်<br>ဦးဆောင်ညွှန်ကြားရေးမှူး<br>ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

(၂) ဒေါ်မာမာထွန်း<br>ညွှန်ကြားရေးမှူး<br>ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

(၃) ဒေါက်တာတိုးအောင်<br>အထွေထွေမန်နေဂျာ<br>ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း

(ခ) မြန်မာကုမ္ပဏီ ဇွန်ဆေးဝါးလီမိတက်

**ကိုယ်စားပြုသူများ**

(၁) ဒေါက်တာနုနုဝင်း
မန်နေးဂျင်းဒါရိုက်တာ
အမှတ် - ၄၆/၄၇၊ မြဝတီမင်းကြီးလမ်းနှင့် ကင်းဝန်မင်းကြီးလမ်းထောင့်၊
စက်မှုဇုန် (၄)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

(၂) ဒေါက်တာမင်းသိမ်း
ဥက္ကဋ္ဌ
အမှတ် - ၄၅၂၊ (၈၁) လမ်း၊ ၃၂ × ၃၃ လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။

## သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ

၄။ Sagaing June Pharmaceutical & Foodstuff Industry Ltd. (စစ်ကိုင်းဇွန် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်) ၏ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ ၃ ရက်စွဲပါ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာတို့ဖြင့် ရေးသားထားသော သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို အတည်ပြုလိုက်သည်။

## မတည်ရင်းနှီးငွေ

၅။ Sagaing June Pharmaceutical & Foodstuff Industry Ltd. (စစ်ကိုင်းဇွန် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်) ၏ သတ်မှတ်မတည်ငွေရင်းကို ၁၅,၀၀၀,၀၀၀,၀၀၀/- (ကျပ်သန်းတစ်သောင်းငါးထောင်တိတိ) ဖြင့် သတ်မှတ်ပြီး အစုရှယ်ယာတစ်စုလျှင် ၁,၀၀၀,၀၀၀/- တန် အစုရှယ်ယာပေါင်း ၁၅၀၀၀ ဖြင့် ခွဲခြားသတ်မှတ်လိုက်သည်။ ယင်းအစုရှယ်ယာများအနက် စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း၏ အစုရှယ်ယာ ၈၀ ရာခိုင်နှုန်း (အစုရှယ်ယာ ၆၈၂၄ စု) ကို **“က”** အစုရှယ်ယာဟူ၍လည်းကောင်း၊ မြန်မာကုမ္ပဏီ ဇွန်ဆေးဝါးလီမိတက်၏ အစုရှယ်ယာ ၂၀ ရာခိုင်နှုန်း (အစုရှယ်ယာ ၁၇၀၆ စု) ကို **“ခ”** အစုရှယ်ယာဟူ၍လည်းကောင်း သတ်မှတ်လိုက်သည်။ **“က”** အစုရှယ်ယာအတွက် ထည့်ဝင်ငွေကို စက်မှုဝန်ကြီးဌာန၊ ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်းမှလည်းကောင်း၊ **“ခ”** အစုရှယ်ယာအတွက် ထည့်ဝင်ငွေကို မြန်မာကုမ္ပဏီ ဇွန်ဆေးဝါးလီမိတက်မှလည်းကောင်း အသီးသီးထည့်ဝင်ရမည်။

## မှတ်ပုံတင်ခြင်း

၆။ အများနှင့်မသက်ဆိုင်သော ဖက်စပ်ကုမ္ပဏီအဖြစ် Sagaing June Pharmaceutical & Foodstuff Industry Ltd. (စစ်ကိုင်းဇွန် ဆေးဝါးနှင့်စားသောက်ကုန်ထုတ်လုပ်ရေးလီမိတက်) ကို ၁၉၅၀ ပြည့်နှစ် အထူးကုမ္ပဏီအက်ဥပဒေနှင့် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် အထူးကုမ္ပဏီအဖြစ် မှတ်ပုံတင်ရမည်။

(ပုံ) ဒေါက်တာကံဇော်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ဆောက်လုပ်ရေးဝန်ကြီးဌာန**

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

အမှတ် ၁။ ။ ၁၉၅၅ ခုနှစ်၊ အစိုးရအိမ်ဥပစာ (နှင်ထုတ်ခြင်း) အက်ဥပဒေပုဒ်မ (၂)၊ အပိုဒ် (က) အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနက အောက်ဖော်ပြပါပုဂ္ဂိုလ်အား ၎င်းနှင့်ယှဉ်တွဲဖော်ပြထားသောဒေသရှိ စီမံအုပ်ချုပ်ရသည့် အစိုးရအိမ်ဥပစာအတွက် အခွင့်ရအာဏာပိုင်၏ တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ စတင်ဆောင်ရွက်ရန် အာဏာအပ်နှင်းလိုက်သည် -

| **အမှတ်စဉ်** | **အာဏာအပ်နှင်းခြင်းခံရသူ** | **ဒေသ** |
|---|---|---|
| (၁) | ဦးသိန်းအောင်<br>ဒုတိယအထွေထွေမန်နေဂျာ<br>မွေးမြူရေး၊ အစားအစာနှင့်နို့ထွက်ပစ္စည်းလုပ်ငန်း၊<br>မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ စက်မှုလက်မှုရပ်ကွက်၊<br>မြေကွက်အမှတ် (၈၆/၉၁)<br>ဧရိယာ (၄. ၇၀) ဧက၊ အမှတ် (၈၂)၊<br>မြမာလာလမ်း။ |

(ပုံ) ကျော်လွင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဆောက်လုပ်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**ရထားပို့ဆောင်ရေးဝန်ကြီးဌာန**

**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၄၄/၂၀၁၃)**

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

၁။ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ဝန်ကြီးဌာနအဆင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ပြုပြင်ပြောင်းလဲရေး လေ့လာသုံးသပ်ရေးအဖွဲ့ Working Group အား အောက်ဖော်ပြပါ ပုဂ္ဂိုလ်များဖြင့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်နေ့မှစ၍ ဖွဲ့စည်းလိုက်သည် -

| | | |
|---|---|---|
| (က) | သူရဦးသောင်းလွင်<br>ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဥက္ကဋ္ဌ |
| (ခ) | ဦးချန်မောင်<br>ဒုတိယဝန်ကြီး<br>ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဒုတိယဥက္ကဋ္ဌ |

(ဂ) ဦးအောင်သွင် — အဖွဲ့ဝင်
ဒုတိယညွှန်ကြားရေးမှူးချုပ်
ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

(ဃ) ဦးဘမြင့် — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ (စစ်ဆေးရေး)
မြန်မာ့မီးရထား

(င) ဦးဝင်းဆွေ — အဖွဲ့ဝင်
အထွေထွေမန်နေဂျာ
ကုန်းလမ်းပို့ဆောင်ရေး

(စ) ဦးမြတ်လင်း — အဖွဲ့ဝင်
ဒုတိယကျောင်းအုပ်ကြီး
ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း

(ဆ) သူရဦးဝင်းမြင့် — အတွင်းရေးမှူး
ဒုတိယညွှန်ကြားရေးမှူးချုပ်
ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန။

၂။ ဝန်ကြီးဌာနအဆင့် Working Group ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပြည်သူလူထု၏ အကျိုးစီးပွားနှင့်ဆန္ဒ၊ လိုလားချက်များကို ဖွဲ့စည်းထားသော Public Relation အဖွဲ့ငယ်များဖြင့် စုံစမ်းလေ့လာစေ၍ တွေ့ရှိချက်များကို လုပ်ငန်း/ဌာနအဆင့် Working Group များသို့ ချပြပြီး ၎င်း၏ စိစစ်အကြံပြုချက်များ ရယူရမည်။

(ခ) Public Relation အဖွဲ့ငယ်များ၏ လုပ်ငန်းစဉ်များ၊ လုပ်ငန်း/ဌာနအဆင့် Working Group များ၏ လုပ်ငန်းစဉ်များကို ချမှတ်ပေးရမည်ဖြစ်ပြီး လိုအပ်ပါက ရက်တိုသင်တန်းပေးခြင်းများကိုပါ ဆောင်ရွက်နိုင်သည်။

(ဂ) Public Relation အဖွဲ့ငယ်များကို စေလွှတ်၍ လူထုနှင့်ထိတွေ့စေလျက် လူထု၏ဆန္ဒသဘောထား စစ်တမ်းကောက်ယူစေခြင်း၊ လူထု၏ လတ်တလောလိုအပ်ချက်များကို ချက်ချင်းဖြည့်ဆည်းပေးစေခြင်း၊ မိမိဌာနအား လူထုက မည်သို့မြင်သည်ကို လေ့လာစေပြီး ပြင်ဆင်ပေးခြင်းများ ဆောင်ရွက်စေပြီး စိစစ်ချက်၊ အကြံပြုချက်များ၊ သုံးသပ်ချက်များကို Working Group သို့ ပေးပို့စေခြင်းများ ဆောင်ရွက်ရမည်။

(ဃ) မိမိတို့ဌာနများ၏ လုပ်ငန်းအဆင့်များ၊ လုပ်ထုံးလုပ်နည်းများ၊ ဥပဒေ၊ နည်းဥပဒေများသည် လူထုအတွက် အနှောင့်အယှက်ဖြစ်နေပါက ယင်းကို ဖော်ထုတ်ပြီး အစွမ်းကုန်ပြင်ဆင်နိုင်ရန် ဆောင်ရွက်ပေးခြင်း၊ မပြင်ဆင်နိုင်သည်များကို အများသိစေရန် ချပြအသိပေးခြင်း၊ လိုအပ်ပါက ဦးစီး/လုပ်ငန်းဌာနများ အပြန်အလှန်စစ်ဆေးစေခြင်း၊ လျှို့ဝှက်စုံစမ်းဖော်ထုတ်စေခြင်း စသည်များကို ကြီးကြပ်ဆောင်ရွက်ပေးရမည်။

(င) အဂတိလိုက်စားမှုပပျောက်ရေးအတွက် ပြစ်မှုကျူးလွန်သူဝန်ထမ်းများ ဖော်ထုတ်အရေးယူနိုင်ရေးအတွက် စုံစမ်းခြင်း၊ သတင်းရယူခြင်း၊ စစ်ဆေးဖော်ထုတ်ခြင်းနှင့် ထိရောက်ဟန့်တားပြစ်ဒဏ်ချမှတ်အရေးယူခြင်း စသည်ဖြင့် ဝန်ထမ်းပိုင်းဆိုင်ရာ Mind Set များ လူထုအကျိုးပြုအမြင်ဖြစ်စေရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးရမည်။

(စ) လူထုဆန္ဒ စူးစမ်းလေ့လာနေစဉ် တစ်ချိန်တည်းတွင် ဝန်ထမ်းများ၏ အမြင်နှင့်အကြံပြုချက်များကိုလည်း ရယူရမည်။ လက်အောက်ဌာနများအတွင်း စာရေးအဆင့်၊ ရုံးအုပ်/ကြီးကြပ်အဆင့်နှင့် အရာထမ်းအဆင့်ဟူ၍ အလွှာသုံးခုခွဲခြားကာ ဆွေးနွေးပွဲများပြုလုပ်၍ ၎င်းတို့၏အမြင်နှင့် အကြံပြုချက်များ ရယူ၍ လုပ်ငန်းလာရောက်ဆောင်ရွက်သူ၏ လိုလားချက်များကို အကောင်အထည်ဖော်ပေးခြင်း။

(ဆ) လူထုနှင့်ထိတွေ့ဆက်ဆံနေရသော မိမိတို့ဌာနများသည် တာဝန်ခံမှု၊ တာဝန်ယူမှု၊ ပွင့်လင်းမြင်သာရှိမှု၊ ဆန်းစစ်ခံနိုင်မှုအရည်အသွေး ရှိလာပြီး လုပ်ငန်းများအား အချိန်တိုအတွင်း ပြီးမြောက်အောင်မြင်အောင် ဆောင်ရွက်ပေးသည့် လူထုနှစ်ခြိုက်သော ဌာနကြီးတစ်ခုဖြစ်ရန် နည်းလမ်းစုံအသုံးပြု၍ အစွမ်းကုန် ဆောင်ရွက်ပေးရမည်။

(ဇ) ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးချုပ်များကို ကိုယ်စားပြုသော ဒုတိယညွှန်ကြားရေးမှူးချုပ်အဆင့် အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းပေးခြင်းသည် မိမိလက်အောက်ဌာနများအတွင်း ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်ရာတွင် ထိရောက်မြန်ဆန်စွာ ဆောင်ရွက်နိုင်စေရန်ဖြစ်ပါသည်။ ယင်းတာဝန် အောင်မြင်စေရန်အတွက် Working Group က ပံ့ပိုးပေးရမည်။

(ဈ) မူဝါဒ၊ လုပ်ထုံးလုပ်နည်းများ၊ နည်းဥပဒေများကို ပြင်ဆင်ရန် လိုအပ်ပါမူ Working Group သည် ဝန်ကြီးထံ တိုက်ရိုက်တင်ပြ လမ်းညွှန်မှုခံယူရမည်။

ဇေယျာအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ရထားပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

**(ပြည်ထောင်စုဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် ၀၆၂/၂၀၁၃**

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်စွဲပါ စာအမှတ်၊ ၉/၁၅၄-ရာထူးခန့်/အဖရ (၂၀၁၃) နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ရာထူးခန့်ချုပ်ရုံး၏ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်စွဲပါစာအမှတ်၊ ၁၇ ရာထူး (၁၃-ထ/၂) ၂၀၁၃ တို့ဖြင့် လွှဲပြောင်းပေးသည့် ကြည်း ၁၄၃၂၃ ဗိုလ်မှူးကြီးဇော်ဝင်းအား အလုပ်တာဝန်များ စတင်ထမ်းဆောင်သည့်နေ့မှစ၍ စက်မှုနှင့် သက်မွေးပညာဦးစီးဌာန လက်အောက်ရှိ နည်းပညာတက္ကသိုလ် (ရမည်းသင်း) တွင် လစ်လပ်လျက်ရှိသော ဒုတိယပါမောက္ခချုပ်ရာထူးနေရာတွင် ခန့်ထားပြီး စက်မှုနှင့်သက်မွေးပညာဦးစီးဌာန (ရုံးချုပ်) တွင် တာဝန်ထမ်းဆောင်စေပြီး နယ်ဘက်ရာထူးလစာကို စတင်ခံစားစေသည့်နေ့မှစ၍ လစာနှုန်း (၁၈၀,၀၀၀- ၂,၀၀၀-၁၉၀,၀၀၀) ကို ခံစားခွင့်ပြုသည်။

(ပုံ) ဒေါက်တာကိုကိုဦး၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

## (ပြည်ထောင်စုဝန်ကြီးရုံး)

## အမိန့်ကြော်ငြာစာအမှတ် ၁၂/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၁ ရက် )

ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၊ မြန်မာ့ဟိုတယ်နှင့်ခရီးသွားလုပ်ငန်း၊ စားသောက်ဆိုင် (ယမကာ) လုပ်ငန်းဌာနမှ အထွေထွေမန်နေဂျာ ဦးဟန်ထွန်း [၆/ရဖန (နိုင်) ၀၁၇၇၅၇] လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) အား မိမိ၏တာဝန်ဝတ္တရားများအပြင် ခေတ္တဦးဆောင် ညွှန်ကြားရေးမှူး၏ တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ မတ်လ ၂၄ ရက်နေ့ နံနက်ပိုင်းမှစ၍ ပူးတွဲထမ်းဆောင်စေလိုက်သည်။

ဦးဌေးအောင်၊
ပြည်ထောင်စုဝန်ကြီး၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊
ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက် )

အမှတ် ၁ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးမန်းမောင်မောင်ညာဏ်မှ ယင်း၏ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားရန် အဆိုပြုပေးပို့လာသည့် ဦးစသန်းထော် [၁၄/ပတန (နိုင်) ၁၄၉၃၈၃] အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ကိုယ်ရေးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက် )

အမှတ် ၂ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ အဖွဲ့ဝင် ဦးငွန်မောင်းမှ ယင်း၏ကိုယ်ရေးအရာရှိအဖြစ် ခန့်ထားပေးပါရန် အဆိုပြုလာသည့် ပြင်ပပုဂ္ဂိုလ် ဦးထွေးထွေးအောင် [၉/ခအဇ (နိုင်) ၀၁၁၉၉၅] အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသည့် ကိုယ်ရေးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့ နံနက်ပိုင်းမှစ၍ ခန့်ထားလိုက်သည်။

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၇ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက် )

အမှတ် ၃ ။ ။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၃) ၏ သဘောတူခွင့်ပြုချက်အရ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၏ ဖွဲ့စည်းပုံအား အရာထမ်း

(၃၈) နေရာ၊ အမှုထမ်း (၁၅၇) နေရာ၊ စုစုပေါင်း (၁၉၅) နေရာဖြင့် ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းလိုက်သည်။

အမှတ် ၄ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအဖွဲ့မှ အဖွဲ့ခွဲမှူး/ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဒေါ်အေးအေးသွင်အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဥပဒေ၊ မူဝါဒနှင့်ပြောင်းရွှေ့ရေးဌာနခွဲတွင် လစ်လပ်လျက်ရှိသည့် ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ရာထူးသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ပြောင်းရွှေ့ ခန့်ထားလိုက်သည်။

အမှတ် ၅ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရေးရာဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ဒေါ်သန်းထွေးအား ရုံးအဖွဲ့တွင် လစ်လပ်လျက်ရှိသည့် အဖွဲ့ခွဲမှူး/ ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) လစာနှုန်းတူရာထူးသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစတင်၍ ပြောင်းရွှေ့ခန့်ထားပြီး ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် တွဲဖက်တာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၆ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန၊ ဥပဒေ၊ မူဝါဒနှင့် ပြောင်းရွှေ့ရေးဌာနခွဲမှ ညွှန်ကြားရေးမှူး လစာနှုန်း (၁၈၀,၀၀၀-၂,၀၀၀-၁၉၀,၀၀၀) ဒေါ်အေးအေးသွင်အား ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ ၎င်း၏မူလတာဝန်များအပြင် ရုံးအဖွဲ့၊ အဖွဲ့ခွဲ (၂) ၏ အဖွဲ့ခွဲမှူးတာဝန်ဝတ္တရားများကိုပါ ပူးတွဲတာဝန်ထမ်းဆောင်စေလိုက်သည်။

အမှတ် ၇ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) (၂) ဦးအား ယင်းဦးစီးဌာနများတွင် လစ်လပ်လျက်ရှိသည့် ဒုတိယညွှန်ကြားရေးမှူး လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) ရာထူးများသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့် ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|---|
| (၁) | ဒေါ်တင်တင်ဝင်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး<br>ဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>ဥပဒေ၊ မူဝါဒနှင့်ပြောင်းရွှေ့ရေးဌာနခွဲ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၂) | ဦးဇော်ထွန်း | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဒုတိယညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန |

အမှတ် ၈ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့၊ ရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ အောက်ဖော်ပြပါ ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) (၄) ဦးအား ယှဉ်တွဲဖော်ပြပါဌာနများတွင် လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးများသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူး တိုးမြှင့်ပြောင်းရွှေ့ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|---|
| (၁) | ဒေါ်မိုးကေသီ | ဦးစီးအရာရှိ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး<br>ဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၂) | ဒေါ်မိုးမိုး | ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရေးရာဦးစီးဌာန |

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|---|
| (၃) | ဒေါ်မြင့်မြင့်အေး | ဦးစီးအရာရှိ<br>ရုံးအဖွဲ့ | လက်ထောက်ညွှန်ကြားရေးမှူး<br>ဥပဒေ၊ မူဝါဒနှင့်ပြောင်းရွှေ့ရေးဌာနခွဲ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၄) | ဒေါ်မြင့်မြင့်စန်း | ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန | လက်ထောက်ညွှန်ကြားရေးမှူး<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |

အမှတ် ၉ ။ ။ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာနမှ အောက်ဖော်ပြပါ ရုံးအုပ် လစာနှုန်း (၈၅,၀၀၀-၁,၀၀၀-၉၀,၀၀၀) (၂) ဦးအား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနနှင့် ဝန်ထမ်း ရေးရာဦးစီးဌာနတို့တွင် လစ်လပ်လျက်ရှိသည့် ဦးစီးအရာရှိ လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) ရာထူးများသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂ ရက်နေ့ နံနက်ပိုင်းမှစ၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | လက်ရှိရာထူး | တိုးမြှင့်ခန့်ထားသည့်ရာထူး/ဌာန |
|---|---|---|---|
| (၁) | ဒေါ်သန်းသန်းနု | ရုံးအုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ<br>ဥပဒေ၊ မူဝါဒနှင့်ပြောင်းရွှေ့ရေးဌာနခွဲ<br>ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာန |
| (၂) | ဒေါ်ဇင်မာအောင် | ရုံးအုပ်<br>ဝန်ထမ်းရေးရာဦးစီးဌာန | ဦးစီးအရာရှိ<br>ဝန်ထမ်းရေးရာဦးစီးဌာန |

ကျော်သူ၊
ဥက္ကဋ္ဌ၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ပြည်ထောင်စုရာထူးဝန်အဖွဲ့။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### အမိန့်ကြော်ငြာစာ ၁၃/၂၀၁၃

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက် )

ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၃) ဆုံးဖြတ်ချက်အရ နေပြည်တော်စည်ပင်သာယာရေး ကော်မတီတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါက်တာခင်မီမီထွန်း၊ ဌာနစုမှူး (ဆမ-၁၈၂၂၅) အား ရန်ကုန်မြို့ အရိုးရောဂါအထူးကုဆေးရုံကြီးသို့ လက်ထောက်ဆရာဝန် လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်နေ့ ညနေပိုင်း မှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်အားလျှော့ချပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်း တာဝန်ထမ်းဆောင်စေလိုက်သည်။

### အမိန့်ကြော်ငြာစာ (၁၄/၂၀၁၃)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး တွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော လက်ထောက်ဌာနမှူး ဒေါက်တာမင်းသိဏ်း (ဒုတိယ

ညွှန်ကြားရေးမှူး) လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည်။

## အမိန့်ကြော်ငြာစာ (၁၅/၂၀၁၃)

နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ ကျန်းမာရေးဌာနမှ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးတွင် တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ပါ ဌာနခွဲမှူး (လက်ထောက်ညွှန်ကြားရေးမှူး) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) (၂) ဦးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၀ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

(က) ဒေါက်တာဇာနည်လှိုင်

(ခ) ဒေါက်တာမျိုးမြင့်ကျော်

## အမိန့်အမှတ် (၇၁/၂၀၁၃)

၁။ နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဖ) တို့တွင် ပြဋ္ဌာန်းထားသော လုပ်ငန်းတာဝန်များအား အများပြည်သူတို့မှ သိရှိလိုက်နာနိုင်စေရန် ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) နှင့်အညီ ဤအမိန့်ကို ထုတ်ပြန်ပါသည်။

၂။ နေပြည်တော်အား စနစ်တကျဖွံ့ဖြိုးတိုးတက်စေရန်နှင့် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်း အများပြည်သူများ၊ ဝန်ထမ်းများ၊ ပြည်တွင်းပြည်ပ ခရီးသည်များ အဆင်ပြေစွာ တည်းခိုနိုင်ရေး အတွက် ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာ၊ ဧည့်ဂေဟာ၊ တည်းခိုခန်း စသည့် အဆောက်အအုံတို့ကို နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဖ) တို့အရ ကော်မတီက သတ်မှတ် ခွင့်ပြုသော မြေနေရာများတွင်သာ တည်ဆောက်ရမည်ဖြစ်သည်။

၃။ ပြည်ပခရီးသည်များသာ တည်းခိုခွင့်ရှိသည့် သို့မဟုတ် ပြည်ပခရီးသည်နှင့် ပြည်တွင်းခရီးသည်များ တည်းခိုခွင့်ရှိသည့် ဟိုတယ်၊ မိုတယ်၊ အင်း၊ ဧည့်ရိပ်သာ၊ ဧည့်ဂေဟာတို့သည် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန၊ ဟိုတယ်နှင့်ခရီးသွားလာရေးညွှန်ကြားမှုဦးစီးဌာနက လုပ်ထုံးလုပ်နည်းနှင့်အညီ တရားဝင် ထုတ်ပေးသည့် လိုင်စင်ရှိရမည်ဖြစ်ပြီး ပြည်တွင်းခရီးသည်များသာ တည်းခိုသော ဧည့်ရိပ်သာ၊ ဧည့်ဂေဟာ၊ တည်းခိုခန်းစသည်တို့သည် ဤကော်မတီ၏ ခွင့်ပြုချက်လုပ်ငန်းလိုင်စင်ရရှိမှသာ ဖွင့်လှစ်ရမည်ဖြစ်သည်။

၄။ နေပြည်တော်အား ကမ္ဘာ့အဆင့်မီမြို့တော်အင်္ဂါရပ်နှင့်အညီ ပြည်တွင်း၊ ပြည်ပခရီးသည်များ အဆင်ပြေစွာ တည်းခိုနိုင်ရေး ဒက္ခိဏသီရိ၊ ဥတ္တရသီရိ၊ ပုဗ္ဗသီရိမြို့နယ်တို့တွင် ဟိုတယ်ဇုန် (၃) ခုသတ်မှတ်ပြီး ဟိုတယ် (၅၇) ခု၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၏ ခွင့်ပြုချက်လုပ်ငန်းလိုင်စင် ရယူထားသော တည်းခိုခန်း (၂၇) ခုနှင့် ဌာနဆိုင်ရာဧည့်ရိပ်သာများ ဖွင့်လှစ်၍ လုပ်ငန်းများဆောင်ရွက်စေခဲ့ပါသည်။

၅။ နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း သတ်မှတ်ထားသော ဟိုတယ်ဇုန်များတွင်သာ ဟိုတယ်များဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ပြီး တည်းခိုခန်းများ အသစ်ဖွင့်လှစ်ခြင်းကို ၂၀၀၆ ခုနှစ်မှစ၍ ဖွင့်လှစ်ခွင့် မပြုပါသဖြင့် နေပြည်တော်စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ကော်မတီ၏ခွင့်ပြုချက်မရှိဘဲ ဧည့်ရိပ်သာ နှင့်တည်းခိုခန်းများ အသစ်ဖွင့်လှစ်ခြင်းမပြုရန်နှင့် လိုက်နာခြင်းမရှိပါက နေပြည်တော်စည်ပင်သာယာရေး ဥပဒေအရ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၁/၂၀၁၃)

နေပြည်တော်၊ ၁၃၇၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက် )

ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၃/၂၀၁၃) ဆုံးဖြတ်ချက်အရ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၌ တွဲဖက်တာဝန်ထမ်းဆောင်လျက်ရှိသော ဒေါက်တာမင်းစိုး၊ ဌာနစုမှူး (ဆမ-၂၁၂၀၈) အား စစ်ကိုင်းတိုင်းဒေသကြီး၊ ထီးချိုင့်မြို့၊ ပြည်သူ့ဆေးရုံသို့ လက်ထောက်ဆရာဝန် လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးဖြင့် ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရန် ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့ ညနေပိုင်းမှစ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အင်အားလျှော့ချပြီး ကျန်းမာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းတာဝန်ထမ်းဆောင်စေလိုက်သည်။

## အမိန့်ကြော်ငြာစာ (၂၉/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၂ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက် )

နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ပါ လက်ထောက်ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူး) လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) (၄) ဦးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဦးရဲခေါင်မြင့် | ရာပြတ်ဌာန |
| (ခ) | ဦးအေးငွေ | ရာပြတ်ဌာန |
| (ဂ) | ဦးအောင်မင်း | အခွန်ဌာန |
| (ဃ) | ဦးခိုင်စိုးလှ | တိရစ္ဆာန်ဆေးကုနှင့်သားသတ်ရုံများဌာန |

## အမိန့်ကြော်ငြာစာ (၃၀/၂၀၁၃)

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၃ ရက် )

နေပြည်တော်စည်ပင်သာယာရေးကော်မတီတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ပါ လက်ထောက်ဌာနမှူး [ဒုတိယညွှန်ကြားရေးမှူး (အင်/ယာ)] လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) (၂) ဦးတို့အား အစမ်းခန့်ကာလ တစ်နှစ်ပြည့်မြောက်သည့် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၆ ရက်နေ့မှစ၍ အတည်ပြု (အမြဲတမ်း) ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (က) | ဦးအောင်နိုင်ချစ် | အင်ဂျင်နီယာဌာန (အဆောက်အအုံ) |
| (ခ) | ဦးမိုးဟိန်းထွန်း | အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) |

## အမိန့်အမှတ် (၃၂/၂၀၁၃)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

၁။ နေပြည်တော်စည်ပင်သာယာရေးကော်မတီသည် နေပြည်တော်စည်ပင်သာယာရေးဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (ပ) နှင့် ပုဒ်မ ၃၈၊ ပုဒ်မခွဲ (ခ) တို့အရ အများပြည်သူတို့ သိရှိလိုက်နာနိုင်စေရန် ဤအမိန့်ကို ထုတ်ပြန်ကြေညာလိုက်သည်။

၂။ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ထိန်းသိမ်းထားသောရေကန်များ၊ ရေလှောင်ကန်များ၊ လျှိုပိတ်တမံများအတွင်း ငါးဖမ်းခြင်း၊ ငါးမျှားခြင်း၊ ရေချိုးခြင်း၊ ရေကူးခြင်း၊ ငှက်ပစ်ခြင်း၊ အမှိုက်စွန့်ပစ်ခြင်း မပြုရ။

၃။ မည်သူမဆို အထက်ပါတားမြစ်ချက်တစ်စုံတစ်ရာအား ဖောက်ဖျက်ကျူးလွန်ပါက နေပြည်တော်စည်ပင်သာယာရေးဥပဒေအရ ထိရောက်စွာအရေးယူခြင်းခံရမည်။

(ပုံ) သိန်းညွန့်၊
မြို့တော်ဝန်၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
နေပြည်တော်စည်ပင်သာယာရေးကော်မတီ။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

## ရန်ကုန်တိုင်းဒေသကြီးအစိုးရ
## ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့၊ ၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၉ ရက် )

အမှတ် ၁ ။ ။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဆိုင်ရာ နည်းဥပဒေ အပိုဒ် (၄၀) အရ အောက်ဖော်ပြပါ ဇယားတွင်ပါရှိသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် (အစိုးရမြေ) အား ကာကွယ်ရေးဦးစီးချုပ် (ကြည်း)၊ စစ်ထောက်ချုပ်ရုံးသို့ အောက်ပါစည်းကမ်းများဖြင့် လွှဲပြောင်းပေးလိုက်သည် -

(က) ဖော်ပြပါမြေကို အများပြည်သူအကျိုးငှာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ထောက်ချုပ်ရုံး အတွက်သာ အသုံးပြုရန်နှင့် အခြားနည်းလမ်းများဖြင့် အသုံးမပြုရ။

(ခ) မြေကို ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ထောက်ချုပ်ရုံးအတွက် အသုံးပြုရန် မလိုအပ်သည့်အခါ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသို့ ပြန်လည်အပ်နှံရမည်။

(ဂ) မြေအသုံးချမှုနှင့်ပတ်သက်ပြီး ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံး (ကြည်း)၊ စစ်ထောက်ချုပ်ရုံးတို့ အယူအဆသဘောထား ကွဲလွဲမှုရှိသည့်အခါ နိုင်ငံတော်သမ္မတရုံးသို့ တင်ပြ၍ အဆုံးအဖြတ်ရယူရမည် -

## မြေတည်ရှိရာ အရပ်ဒေသ

| တိုင်း | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | ဦးပိုင်အမှတ် | ခန့်မှန်းဧရိယာ | | မြေပြင်ရှိဧရိယာ | |
|---|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | ဧက | ဒသမ |
| ရန်ကုန် | ရွှေပြည်သာ | ၅၅၅/ခ | ၃၅ | ၀ | ၁၈ | ၀ | ၀၅ |
| | | ၅၅၅/ခ | ၃၆ | ၀ | ၃၀ | ၀ | ၁၀ |
| | | ၅၅၅/ခ | ၁၉ | ၀ | ၂၈ | ၀ | ၂၈ |
| | | ၅၅၅/ခ | ၃၄ | ၀ | ၀၅ | ၀ | ၁၈ |
| | | ၅၅၅/ခ | ၃၃ | ၆ | ၂၅ | ၆ | ၂၅ |
| | | ၅၅၅/ခ | ၂၆/ခ | ၁၃ | ၉၉ | ၁၃ | ၉၉ |
| | | ၅၅၅/ခ | ၅၅ | ၃ | ၇၅ | ၃ | ၇၅ |
| | | ၅၅၅/ခ | OA | ၂ | ၁၀ | ၂ | ၁၀ |
| | | ၅၅၅/ခ | ၂၈ | ၁ | ၇၅ | ၀ | ၂၆ |
| | | ၅၅၅/ခ | ၂၉ | ၀ | ၅၅ | ၀ | ၄၃ |
| | | ၅၅၅/ခ | ၂၇ | ၅ | ၀၀ | ၅ | ၀၀ |
| | | ၅၅၅/ခ | ၃၀ | ၁၀ | ၇၅ | ၁၀ | ၇၅ |
| | | ၅၅၅/ခ | OA | ၀ | ၀၅ | ၀ | ၀၅ |
| | | | | ၄၅ | ၀၀ | ၄၃ | ၁၉ |

| တိုင်း | မြို့နယ် | မြေတိုင်းရပ်ကွက်အမှတ် | ဦးပိုင်အမှတ် | ခန့်မှန်းဧရိယာ | | မြေပြင်ရှိဧရိယာ | |
|---|---|---|---|---|---|---|---|
| | | | | ဧက | ဒသမ | ဧက | ဒသမ |
| ရန်ကုန် | ရွှေပြည်သာ | ၅၅၂/ခ | ၂၀ | ၀ | ၃၀ | ၀ | ၃၀ |
| | | ၅၅၂/ခ | ၂၁ | ၁ | ၃၀ | ၁ | ၂၅ |
| | | ၅၅၂/ခ | ၂၂ | ၂ | ၅၀ | ၂ | ၅၀ |
| | | ၅၅၂/ခ | ၂၃ | ၀ | ၃၀ | ၀ | ၂၈ |
| | | ၅၅၂/ခ | ၂၅ | ၁ | ၇၇၅ | ၁ | ၇၇၅ |
| | | ၅၅၂/ခ | ၂၆ | ၀ | ၃၀ | ၀ | ၂၃ |
| | | ၅၅၂/ခ | ၂၇ | ၁ | ၀၀ | ၀ | ၂၉ |
| | | ၅၅၂/ခ | ၂၈ | ၂ | ၅၀ | ၂ | ၅၀ |
| | | ၅၅၂/ခ | ၂၉ | ၄ | ၂၂၅ | ၄ | ၂၂၅ |
| | | ၅၅၂/ခ | ၃၀ | ၀ | ၁၀ | ၀ | ၁၀ |
| | | ၅၅၂/ခ | ၃၁ | ၂ | ၅၀ | ၂ | ၅၀ |
| | | ၅၅၂/ခ | ၆၄ | ၀ | ၅၅ | ၀ | ၅၅ |
| | | | | ၁၇ | ၃၅ | ၁၆ | ၅၀ |

## မြေ၏အကြောင်းအရာ

လျှောက်ထားသောမြေနှင့်ပတ်သက်၍ ဦးဌာနရှိမြို့မြေစာရင်းတွင် ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် - ၅၅၅/ခ အတွင်းရှိ ဦးပိုင်အမှတ် (၂၈၊ ၂၉၊ ၃၅၊ ၃၆၊ ၁၉၊ ၃၄၊ ၃၃၊ ၂၆/ခ၊ ၅၅၊ ၂၇၊ ၃၀) တို့၏ ဧရိယာ (၄၅. ၀၀) ဧကနှင့်မြေတိုင်းရပ်ကွက်အမှတ် - ၅၅၂/ခ အတွင်းရှိ ဦးပိုင်အမှတ် (၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၆၄) တို့၏ ဧရိယာ (၁၇. ၃၅) ဧက စုစုပေါင်းမြေဧရိယာ (၆၂. ၃၅) ဧကအား မြေပြင်ရှိ ဧရိယာ (၅၉. ၆၉) ဧကစုစုပေါင်းကို မြို့မြေစာရင်းတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအမည်ပေါက် (မြို့တော်စည်ပင်သို့ လွှဲအပ်ပြီးမြေ) အဖြစ် မှတ်သားထားပါသည်။

အထက်ဖော်ပြပါ မြေ၏အလားအလာမှ မြေတိုင်းရပ်ကွက် (၅၅၅-ခ) အတွင်းရှိ အဆိုပြုမြေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| | | |
|---|---|---|
| အရှေ့လားသော် | - | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ် |
| အနောက်လားသော် | - | အမှတ် (၄) လမ်းမကြီး၊ |
| တောင်လားသော် | - | မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန |
| မြောက်လားသော် | - | တပ်မတော် ဘီယာစက်ရုံ |

**မြေတိုင်းရပ်ကွက် (၅၅၂/ခ) နှင့် (၅၅၅/ခ) အတွင်းရှိ အဆိုပြုမြေ၏အလားအလာမှာ**

| | | |
|---|---|---|
| အရှေ့လားသော် | - | အမှတ် (၁) ရဲတပ်ရင်း |
| အနောက်လားသော် | - | တပ်မတော် ဘီယာစက်ရုံ |
| တောင်လားသော် | - | သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ကွန်ပျူတာတက္ကသိုလ် |
| မြောက်လားသော် | - | အမှတ် (၁) ရဲတပ်ရင်း |

(ပုံ) ဦးလှမြင့်၊
ဥက္ကဋ္ဌ (မြို့တော်ဝန်)၊
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရ။

# ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ (မူကြမ်း)

## ( ၂၀၁၃ ခုနှစ်၊ ပြည်နယ်လွှတ်တော် ဥပဒေအမှတ်　။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက် )

ကယားပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အပိုင်း ၁

## အမည်နှင့်စတင်အကျိုးသက်ရောက်သည့်နေ့ရက်

၁။　(က) ဤဥပဒေကို ၂၀၁၃ ခုနှစ်၊ ကယားပြည်နယ်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

## အပိုင်း ၂

## ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများ၊ စည်ပင်သာယာရေးအဖွဲ့များ

## အခန်း (၁)

## ရငွေများနှင့်သုံးငွေများ

၂။　ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် လုပ်ငန်းများကို ဆောင်ရွက်ကြရမည်။ ထိုသို့ဆောင်ရွက်၍ရသော ရငွေများကို ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်း၍ ထုတ်ပေးရန်ရှိသော သုံးငွေများကို ပြည်နယ်၏ဘဏ္ဍာရန်ပုံငွေမှ ထုတ်ယူသုံးစွဲရမည်။

၃။　(က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ၏ ရငွေနှင့်သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၁)၊ (၂)၊ (၃) နှင့် (၄) တို့တွင် မိမိနှင့်ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်းပြုရမည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်ခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင်လည်းကောင်း၊ ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ဃ) ဇယား (၁) နှင့် (၃) တို့တွင် ဖော်ပြလျာထားသော ရငွေများအနက် ပြည်ထောင်စုမှထောက်ပံ့ငွေ၊ ချေးယူရငွေတို့သည် လျာထားသည်ထက် ပိုမိုရရှိလျှင် ယင်းသို့ပိုမိုရရှိသောငွေများဖြင့် ဆက်နွယ်ထားသည့် လုပ်ငန်းအသုံးစရိတ်များကြောင့် ဇယား (၂) နှင့် (၄) တို့တွင် ဖော်ပြခွင့်ပြုထားသော သုံးငွေများထက် ပိုမိုသုံးစွဲရန် လိုအပ်ပါက ပြည်နယ်အစိုးရအဖွဲ့က စိစစ်သုံးသပ်၍ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ခွင့်ပြုနိုင်သည်။ သို့ရာတွင် ယင်းသို့ ချေးယူသုံးစွဲသည့်ငွေသည် ပုဒ်မ ၈ တွင် သတ်မှတ်ထားသည့်ငွေထက် မပိုစေရ။

၄။ (က) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင် ဤဥပဒေအရ လျာထားသော ရငွေတို့ထက် တိုး၍ဖြစ်စေ၊ လျော့၍ဖြစ်စေ ရသောရငွေများနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။

(ခ) ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်လွှတ်တော်၊ ပြည်နယ်တရားလွှတ်တော်၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်၊ ပြည်နယ်ဝန်ကြီးဌာနများ၊ ပြည်နယ်အဆင့်ဦးစီးဌာနများနှင့်စည်ပင်သာယာရေးအဖွဲ့များသည် သုံးငွေများကို စီမံခန့်ခွဲရာတွင် ဤဥပဒေအရ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍လည်းကောင်း ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် ထည့်သွင်းဖော်ပြရမည်။ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှဖြစ်ပေါ်သော ပြောင်းလဲခြင်းများကို အမှန်စာရင်းတွင် ထည့်သွင်းဖော်ပြရမည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ဤဥပဒေ၏ ပုဒ်မ ၃ ပုဒ်မခွဲ (ဃ) အရ ပိုမိုသုံးစွဲရန်ခွင့်ပြုသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ပြည်နယ်လွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၅။ ပြည်နယ်အဆင့်ဌာနအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များသည် မိမိတို့နှင့်သက်ဆိုင်သော တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက် အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## အခန်း (၂)

## ငွေချေးယူခြင်း

၆။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် လုပ်ငန်းစီမံချက်တစ်ရပ်ရပ်အတွက် ပြည်နယ်အစိုးရဌာန တစ်ခုခုအား ငွေချေးယူခွင့်ပြုနိုင်သည်။ ရရှိသောချေးငွေများကို နိုင်ငံတော်နှင့်

အကျိုးတူဆောင်ရွက်နေသော လုပ်ငန်းများသို့ သင့်လျော်သော စည်းကမ်းများသတ်မှတ်၍ ပြန်လည်ထုတ်ချေးခွင့်ပြုနိုင်သည်။

၇။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ဤအခန်း (၂) ပါ ကိစ္စရပ်များအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ဆောင်ရွက်နိုင်ရန် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးအား လုပ်ပိုင်ခွင့် အပ်နှင်းနိုင်သည်။

(ခ) ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးသည် ဤအခန်း (၂) အရ ငွေချေးယူသော ကိစ္စရပ်များအတွက် ပြည်နယ်ကိုယ်စား အာမခံချက်ပေးနိုင်သည်။

၈။ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ၂၀၁၄ ခုနှစ်၊ မတ်လ ၃၁ ရက်နေ့တွင် ကုန်ဆုံးသည့် ဘဏ္ဍာရေးနှစ်အတွင်း ဤအခန်း (၂) အရ ငွေချေးစာချုပ်များ ချုပ်ဆိုပြီးနောက် အမှန်တကယ်ချေးယူလက်ခံရရှိသည့် ငွေစုစုပေါင်းသည် ကျပ်သန်းပေါင်း တစ်ရာသုံးဆယ့်ကိုးသန်းထက် မပိုစေရ။

## အပိုင်း ၃

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့်သုံးငွေများ

၉။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် စီးပွားရေးဆန်ဆန် ဆောင်ရွက်နိုင်ရေးနှင့် မိမိတို့၏ ငွေကြေးအင်အားအပေါ် မိမိတို့ ရပ်တည်နိုင်ရေးမူနှင့်အညီ ဆောင်ရွက်ကြရာတွင် အဖွဲ့အစည်းများအလိုက် ကုန်ပစ္စည်းထုတ်လုပ်မှု၊ ဆောင်ရွက်မှုနှင့် ကုန်သွယ်မှုလုပ်ငန်းများအတွက် လိုအပ်သည့် သာမန်အသုံးစရိတ်အောက်ရှိ ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်း အသုံးစရိတ်ကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၏ သတ်မှတ်ချက်နှင့်အညီ လုပ်ငန်းသုံး ရင်းနှီးငွေအဖြစ် မိမိတို့၏ ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်။ လုပ်ငန်းသုံး ရင်းနှီးငွေကို မိမိတို့၏ ဘဏ္ဍာရန်ပုံငွေဖြင့် ဆောင်ရွက်ရန် မလုံလောက်ပါက မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှ ငွေချေးယူသုံးစွဲနိုင်သည်။

၁၀။ ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ငွေအဝင်နှင့်အထွက်ကို စာရင်းပြုစုရန် အလို့ငှာ ပြည်နယ်၏ ဘဏ္ဍာရန်ပုံငွေစာရင်းတွင် ဖော်ပြရမည်။

၁၁။ (က) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့် ရငွေများနှင့် သုံးငွေများသည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသော ငွေများဖြစ်သည်။

(ခ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ရငွေနှင့် သုံးငွေအတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် မိမိနှင့် ယှဉ်တွဲဖော်ပြထားသည့် ရငွေတို့ကို စီမံကြီးကြပ်ကောက်ခံခြင်းနှင့် သုံးငွေတို့ကို စီမံခန့်ခွဲခြင်း ပြုရမည်။

(ဂ) ရငွေများကို စီမံကြီးကြပ်ကောက်ခံရာတွင်လည်းကောင်း၊ သုံးငွေများကို စီမံခန့်ခွဲရာတွင် လည်းကောင်း ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊

စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

## အခန်း (၂)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် ပတ်သက်၍ ပြည်နယ်အစိုးရအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဤဥပဒေ၏ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများတိုးခြင်း၊ လျော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဤဥပဒေ၏ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့်ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်း မပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများပြောင်းလဲသုံးစွဲခြင်းနှင့် စပ်လျဉ်း၍သော် လည်းကောင်း၊ စိစစ်သုံးသပ်၍ ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်းများတွင် လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြ ရမည်။

(ခ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြား အဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်း သုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်း တစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။ ထိုသို့ ရငွေများနှင့် သုံးငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်နယ်လွှတ်တော်သို့ တင်ပြသော ၂၀၁၃-၂၀၁၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင်လည်းကောင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေ ငွေစာရင်းများ တင်ပြချိန်နောက်ပိုင်းမှ ဖြစ်ပေါ်လာသော ပြောင်းလဲခြင်းများကို အမှန်စာရင်း များတွင်လည်းကောင်း ကိစ္စတစ်ရပ်ချင်း အကျိုးအကြောင်းဖော်ပြချက်များနှင့်အတူ ၂၀၁၃- ၂၀၁၄ ခု၊ ဘဏ္ဍာရေးနှစ်အတွင်း အနီးစပ်ဆုံးကျင်းပသည့် ပြည်နယ်လွှတ်တော်သို့ တင်ပြ၍ ခွင့်ပြုချက်ရယူပြီး ပြောင်းလဲပေးနိုင်သည်။

(ဂ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံး ရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း ထောက်ပံ့ငွေဖြင့်ဖြစ်စေ၊ ချေးငွေဖြင့် ဖြစ်စေ ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ရယူဆောင်ရွက်ခြင်းပြုနိုင်သည်။

(ဃ) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက ပြည်နယ်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်။

(င) ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန် လိုအပ်သည့် လုပ်ငန်းသုံး ရင်းနှီးငွေကိုလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှု

လုပ်ငန်းများအတွက် လိုအပ်သည့်ငွေကိုလည်းကောင်း၊ မြန်မာနိုင်ငံတော်ငွေရေးကြေးရေး အဖွဲ့အစည်းများ ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန်ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်။

( စ ) ပြည်နယ်အစိုးရအဖွဲ့သည် ပုဒ်မခွဲ (င) ပါ လုပ်ပိုင်ခွင့်များကို ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်နယ်ဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၃။ (က) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို စီမံခန့်ခွဲရမည်။

( ခ ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ၏ လုပ်ငန်းလိုအပ်ချက်အရ ဇယား (၅) တွင် ဖော်ပြထားသော ရငွေများကို တိုးခြင်း၊ လျှော့ခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ဇယား (၆) အရ ခွင့်ပြုထားသော အဖွဲ့အစည်းတစ်ခု၏ သာမန်သုံးငွေနှင့် ကြွေးမြီသုံးငွေများတွင် ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် လုပ်ငန်းစီမံကိန်းများ ပြောင်းလဲခြင်းမပြုဘဲ မူလလုပ်ငန်းစီမံကိန်းတစ်ခုစီအတွင်း ငွေများ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

( ဂ ) သာမန်သုံးငွေ၊ ငွေလုံးငွေရင်းသုံးငွေနှင့် ကြွေးမြီသုံးငွေများကို အဖွဲ့အစည်းတစ်ခုမှ အခြားအဖွဲ့အစည်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ငွေလုံးငွေရင်းသုံးငွေတွင် အဖွဲ့အစည်းတစ်ခုအတွင်း လုပ်ငန်းစီမံကိန်းတစ်ခုမှ အခြားလုပ်ငန်းစီမံကိန်းတစ်ခုသို့ ပြောင်းလဲသုံးစွဲခြင်းနှင့်စပ်လျဉ်း၍သော်လည်းကောင်း ပြည်နယ်လွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြည်နယ်အစိုးရအဖွဲ့သည် ပြောင်းလဲပေးနိုင်သည်။

(ဃ) ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (င) အရ ငွေချေးယူလိုလျှင် ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ပေးသည့်ငွေထက် မကျော်လွန်ဘဲ ချေးယူနိုင်သည်။

ဇယား (၁)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရ/ ပြည်နယ်လွှတ်တော်/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်/ ပြည်နယ်ဥပဒေချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ထောင်စုထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ: ထုတ်ချေးငွေအတွက်ပြန်ရငွေ | ကြွေးမြီ: ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၁၃.၄၄၈ | | | ၁၀၀၀.၀၀၀ | | | |
| ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | | | | | | | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | | | ၀.၄၅၃ | | | | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | | | ၀.၀၂၂ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | ၀.၀၀၃ | | | | | | |
| | ပေါင်း | | | | ၂၁၃.၉၂၆ | | | ၁၀၀၀.၀၀၀ | | | |

ဇယား (၂)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အစိုးရ/ ပြည်နယ်လွှတ်တော်/ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်/ ပြည်နယ်ဥပဒေချုပ်/ ပြည်နယ်စာရင်းစစ်ချုပ်

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | အစိုးရအဖွဲ့ရုံး | ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၁၈၇.၉၈၉ | | | ၁၅.၆၂၀ | | | |
| ၂ | လွှတ်တော်ရုံး | ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၄၀.၃၉၃ | | | ၂.၄၀၀ | | | |
| ၃ | တရားရုံးများ | ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် သို့မဟုတ် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁၇၂.၉၉၂ | | | ၃၆.၂၀၀ | | | |
| ၄ | ဥပဒေရုံးများ | ပြည်နယ်ဥပဒေချုပ် သို့မဟုတ် ပြည်နယ်ဥပဒေချုပ်က တာဝန်ပေးသူ | ၁၀၆.၉၆၄ | | | | | | |
| ၅ | စာရင်းရုံးများ | ပြည်နယ်စာရင်းစစ်ချုပ် သို့မဟုတ် ပြည်နယ်စာရင်းစစ်ချုပ်က တာဝန်ပေးသူ | ၂၁၉၀.၄၃၂ | | | ၅.၅၀၀ | | | |
| | ပေါင်း | | ၂၃၃၀.၇၇၀ | | | ၅၉.၇၂၀ | | | |

ဇယား (၃)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ - ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ကြွေးမြီ - ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြည်တွင်းထွက်ကုန်နှင့်ပြည်သူပြည်သားများ သုံးစွဲမှုအပေါ်တွင် ကောက်ခံသည့် အခွန်အကောက်** | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | ၂၃.၉၆၀ | | | | | | | | |
| | ၁ | ယစ်မျိုးခွန် | | ၂၃.၉၆၀ | | | | | | | | |
| ၂ | | **နိုင်ငံပိုင်ပစ္စည်းများ အသုံးပြုသည့်အပေါ် ကောက်ခံသည့် အခွန်အကောက်** | ရှင်း | ၂၃.၄၅၅ | | | | | | | | |
| | ၁ | မြေယာပေါ်တွင် ကောက်ခံသည့်အခွန် | | ၁.၀၃၉ | | | | | | | | |
| | ၂ | တာတမံခွန် | | | | | | | | | | |
| | ၃ | သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၂၅.၅၅၈ | | | | | | | | |
| | ၄ | ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် | | ၀.၃၀၀ | | | | | | | | |
| | ၅ | အင်းအိုင်ခွန် | | ၀.၅၅၈ | | | | | | | | |
| ၃ | | **စည်ပင်သာယာရေးအဖွဲ့များမှ ကောက်ခံသည့်အခွန်** | ရှင်း | ၅၄.၃၅၆ | | | | | | | | |
| | ၁ | ပစ္စည်းခွန် | | ၄၅.၈၂၃ | | | | | | | | |
| | ၂ | ဘီးခွန် | | ၈.၉၃၃ | | | | | | | | |
| ၄ | | **ပြည်နယ်အဆင့် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ** | ရှင်း | | ၁၀၅.၇၈၆ | | | | | | | |
| ၅ | | **မြေခွန်စည်းကြပ်ခ** | ရှင်း | ၈၂.၄၁၁ | | | | | | | | |

## ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား (၃)။ ။ အဆုံး
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၅ | | **ပြည်ထဲရေး** | ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ | | | **၀. ၈၉၄** | | | | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | | | ၀. ၈၆၅ | | | | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | | | ၀. ၀၂၉ | | | | | | |
| ၆ | | **သမဝါယမ** | ၎င်း | | | **၀. ၈၀၇** | | | | | | |
| | ၁ | သမဝါယမဦးစီးဌာန | | | | ၀. ၆၀၇ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | | | ၀. ၂၀၀ | | | | | | |
| ၇ | | **လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း** | ၎င်း | | | **၀. ၁၇၀** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | | | ၀. ၁၇၀ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | | | | | | | | | |
| ၈ | | **မွေးမြူရေးနှင့်ရေလုပ်ငန်း** | ၎င်း | | | **၇. ၁၆၀** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | | | ၀. ၀၁၁ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | | | ၀. ၁၂၇ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | | | ၇. ၀၂၂ | | | | | | |
| ၉ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာ** | ၎င်း | | | **၀. ၉၃၀** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | | | ၀. ၉၃၀ | | | | | | |
| ၁၀ | | **အားကစား** | ၎င်း | | | **၁. ၂၆၀** | | | | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | | | ၁. ၂၆၀ | | | | | | |
| ၁၁ | | **ဘဏ္ဍာရေးနှင့်အခွန်** | | | | | | | **၁၃၆၀၆. ၈၇၉** | | **၁၃၈. ၇၃၂** | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | | | | | | ၁၃၆၀၆. ၈၇၉ | | ၁၃၈. ၇၃၂ | |
| ၁၂ | | **အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | | | | **၀. ၀၁၈** | | | | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | | | ၀. ၀၁၈ | | | | | | |
| ၁၃ | | **ဆောက်လုပ်ရေး** | ၎င်း | | | **၃. ၆၇၀** | | | | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | | | ၃. ၅၉၀ | | | | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတား ပြင်ဆင်ထိန်းသိမ်းခြင်း | | | | ၀. ၀၈၀ | | | | | | |
| ၁၄ | | **စည်ပင်သာယာရေးအဖွဲ့များ** | ၎င်း | | | **၆၃၇. ၅၁၅** | | | | | | |
| | | ပေါင်း | | ၁၈၈. ၅၈၂ | ၁၀၅. ၇၈၆ | ၆၅၂. ၄၂၄ | | | ၁၃၆၀၆. ၈၇၉ | | ၁၃၈. ၇၃၂ | |

ဇယား (၄)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အဆင့် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **ပြည်ထဲရေး** | **ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်က တာဝန်ပေးသူ** | **၁၃၇၆. ၃၆၆** | | **၂၀. ၀၀၀** | **၁၀၁၄. ၀၆၅** | | | |
| | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | | ၁၃၀၄. ၄၂၀ | | ၂၀. ၀၀၀ | ၁၀၁၄. ၀၆၅ | | | |
| | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | | ၇၁. ၉၄၆ | | | | | | |
| ၂ | | **သမဝါယမ** | **၎င်း** | **၁၃၁. ၇၇၀** | | | **၂. ၇၈၀** | | | |
| | ၁ | သမဝါယမဦးစီးဌာန | | ၁၂၀. ၄၄၄ | | | | | | |
| | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၁၁. ၃၂၆ | | | ၂. ၇၈၀ | | | |
| ၃ | | **လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း** | **၎င်း** | **၄၁၅. ၇၄၈** | | | | | | |
| | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၉၂. ၁၈၂ | | | | | | |
| | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၃၂၃. ၅၆၆ | | | | | | |
| ၄ | | **မွေးမြူရေးနှင့် ရေလုပ်ငန်း** | **၎င်း** | **၇၆. ၂၄၆** | | | | | | |
| | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၁၂. ၁၂၂ | | | | | | |
| | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၃၈. ၁၅၈ | | | | | | |
| | ၃ | ပျားလုပ်ငန်းဦးစီးဌာန | | ၂၅. ၉၆၆ | | | | | | |
| ၅ | | **ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာ** | **၎င်း** | **၁၈၉. ၀၁၂** | | | | | | |
| | ၁ | သစ်တောဦးစီးဌာန | | ၁၈၉. ၀၁၂ | | | | | | |
| ၆ | | **အားကစား** | **၎င်း** | **၈၆. ၀၉၈** | | | **၃၄. ၅၇၀** | | | |
| | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၈၆. ၀၉၈ | | | ၃၄. ၅၇၀ | | | |
| ၇ | | **ဘဏ္ဍာရေးနှင့် အခွန်** | **၎င်း** | **၄၄. ၅၂၁** | | | **၅. ၁၃၉** | | | |
| | ၁ | ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန | | ၄၄. ၅၂၁ | | | ၅. ၁၃၉ | | | |
| ၈ | | **အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု** | **၎င်း** | **၁၃၃. ၅၅၇** | | | **၄၈. ၄၅၀** | | | |
| | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၁၃၃. ၅၅၇ | | | ၄၈. ၄၅၀ | | | |
| ၉ | | **ဆောက်လုပ်ရေး** | **၎င်း** | **၄၁၈၀. ၀၆၄** | | | **၄၅၂၆. ၄၅၀** | | | |
| | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၈၆. ၆၀၄ | | | ၃၁၀. ၇၀၀ | | | |
| | ၂ | အဆောက်အအုံ၊ လမ်းနှင့်တံတား ပြင်ဆင်ထိန်းသိမ်းခြင်း | | ၄၀၉၃. ၄၆၀ | | | ၄၂၁၅. ၇၅၀ | | | |
| ၁၀ | | **စည်ပင်သာယာရေးအဖွဲ့များ** | **၎င်း** | **၅၀၆. ၂၇၉** | | | **၄၀၅. ၇၂၀** | | | |
| | | ပေါင်း | | ၇၁၃၉. ၆၆၁ | | ၂၀. ၀၀၀ | ၆၀၃၇. ၁၃၄ | | | |

ဇယား (၅)
(ကျပ်သန်းပေါင်း)

**ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ**

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | အခွန်အကောက် | ပြည်နယ်အဆင့် နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများမှ ရငွေ | အခြား သာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်း ရငွေ | ပြည်ထောင်စု ထောက်ပံ့ငွေမှ ရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| ၁ | | **ပြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် (သို့မဟုတ်) ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ** | | | **၆. ၂၆၅** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | | | ၆. ၂၆၅ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | **၎င်း** | | | **၈၃၁၁. ၁၅၂** | | | | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | | | ၈၃၁၁. ၁၅၂ | | | | | | |
| | | ပေါင်း | | | | ၈၃၁၇. ၄၁၇ | | | | | | |

ဇယား (၆)
(ကျပ်သန်းပေါင်း)

## ပြည်နယ်အဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

| အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်း သုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| ၁ | | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ |
| ၁ | | **မြန်ကြားရေး** | **ပြည်နယ်ဝန်ကြီးချုပ် သို့မဟုတ် ပြည်နယ်ဝန်ကြီးချုပ်ကတာဝန်ပေးသူ** | **၁၀. ၇၁၄** | | | | | | |
| | ၁ | မြန်မာ့ရုပ်ရှင်လုပ်ငန်း | | ၁၀. ၇၁၄ | | | | | | |
| ၂ | | **ဆောက်လုပ်ရေး** | **၎င်း** | **၈၁၀၀. ၅၄၇** | | | **၁၂၅. ၁၆၀** | | | |
| | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၈၁၀၀. ၅၄၇ | | | ၁၂၅. ၁၆၀ | | | |
| | | ပေါင်း | | ၈၁၁၁. ၂၆၁ | | | ၁၂၅. ၁၆၀ | | | |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်**

**အမိန့်ကြော်ငြာစာအမှတ် (၁၉/၂၀၁၃)**

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

## ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ ထုတ်ပြန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် လက်မှတ်ရေးထိုးပြီးသော ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ အရ ထုတ်ပြန်ကြေညာအပ်ပါသည်။

စိန်တင်ဝင်း၊

ဥက္ကဋ္ဌ၊

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်။

## ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ
## (ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် - ၃/၂၀၁၃ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက် )

ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၈၈ နှင့် ဇယား (၂) စဉ် (၃) (စ) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ အောက်ပါ ဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

### အခန်း (၁)
### အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ရန်ကုန်တိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့**ဆိုသည်မှာ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန**ဆိုသည်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး**ဆိုသည်မှာ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန**ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနကို ဆိုသည်။

(စ) **ဦးစီးဌာနမှူး**ဆိုသည်မှာ တိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာန၏ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် သို့မဟုတ် မြို့နယ်ခွဲဦးစီးဌာနမှူးကို ဆိုသည်။

(ဆ) **ငါး**ဆိုသည်မှာ ဘဝတစ်လျှောက်လုံးတွင်သော်လည်းကောင်း၊ ဘဝအစိတ်အပိုင်း တစ်ပိုင်းတွင် သော်လည်းကောင်း ရေထဲ၌ နေထိုင်ကျက်စားသည့် ရေသတ္တဝါအားလုံး ယင်းတို့၏ဥများ၊ သားလောင်းများ၊ သားပေါက်ကောင်များ၊ မျိုးစေ့များကို ဆိုသည်။ ယင်းစကားရပ်တွင် ရေတွင် ပေါက်ပွားသည့် အပင်များနှင့် ယင်းတို့၏ အပင်ပေါက်များ၊ မျိုးစေ့များလည်း ပါဝင်သည်။

(ဇ) **ငါးလုပ်ငန်း**ဆိုသည်မှာ ငါးနှင့်ပတ်သက်သောလုပ်ငန်းများကို စနစ်တကျ စီမံခန့်ခွဲရန်၊ စီးပွားဖြစ် လုပ်ကိုင်ရန်၊ မျိုးထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ခြင်းတို့ကို ဆိုသည်။ ယင်းစကား ရပ်တွင် ငါးဖမ်းဆီးခြင်း၊ စုဆောင်းခြင်း၊ မွေးမြူခြင်း၊ စူးစမ်းရှာဖွေခြင်း၊ သုတေသနပြုခြင်း၊ မျိုးစိုက်ထည့်ပေးခြင်း၊ ပြန့်ပွားစေခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း စသည့် လုပ်ငန်းများလည်း ပါဝင်သည်။

(ဈ) **ငါးဖမ်းခြင်း**ဆိုသည်မှာ ငါးများအားဖမ်းယူခြင်း၊ စုဆောင်းခြင်း၊ ဆွဲဆောင်ခြင်း၊ လိုက်လံခြင်း၊ မူးမေ့စေခြင်း၊ သေစေခြင်း စသည်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းခြင်းလုပ်ငန်းများ အတွက် အထောက်အကူပြုလုပ်ငန်းနှင့် ပြင်ဆင်ခြင်းလုပ်ငန်းများလည်း ပါဝင်သည်။

(ည) **ငါးဖမ်းကိရိယာ**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ပစ္စည်းကိရိယာကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးဖမ်းရာ၌ အထောက်အကူပြုသော ပစ္စည်းကိရိယာများလည်း ပါဝင်သည်။

(ဋ) **ငါးဖမ်းရေယာဉ်**ဆိုသည်မှာ ငါးဖမ်းရာတွင် အသုံးပြုသည့် မည်သည့်ရေယာဉ်ကိုမဆို ဆိုသည်။ ယင်းစကားရပ်တွင် ငါးလုပ်ငန်းလုပ်ကိုင်သည့် ရေယာဉ်များနှင့် ငါးဖမ်းရေယာဉ်ကို အထောက် အကူပြုသည့် ယာဉ်များလည်းပါဝင်သည်။

(ဌ) **ယာဉ်**ဆိုသည်မှာ စက်ဖြင့်ဖြစ်စေ၊ စက်မဲ့ဖြင့်ဖြစ်စေ မြေပေါ်တွင် ရွေ့လျားသွားလာနိုင်သည့် မည်သည့်ယာဉ်ကိုမဆို ဆိုသည်။

(ဍ) **ရေချိုငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ တိုင်းဒေသကြီး၏ ပင်လယ်ကမ်းရိုးတန်းတစ်လျှောက်မှ ကုန်းတွင်းနယ်နိမိတ်အတွင်းတွင်ရှိသည့် အစဉ်အမြဲ ရေတည်ရှိသည်ဖြစ်စေ၊ ယာယီရေတည်ရှိ သည်ဖြစ်စေ ငါးများ၊ နေထိုင်ကျက်စားခိုအောင်းပေါက်ပွားကြီးပြင်းရာ ရေပြင်၊ ရေကန်၊ ရေရိုး၊ မြစ်၊ ချောင်း၊ အင်းအိုင်တို့ကို ဆိုသည်။ ယင်းစကားရပ်တွင် အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်၊ ရေလှောင်ဆည်ကြီးများ၊ တိုင်းဒေသကြီးနယ်မြေအတွင်းရှိရေပြင်များ၊ ကုန်းတွင်းဒီရေရောက်ရာဒေသများ၊ ကျွန်းပေါ်ရှိ ရေပြင်များ၊ လိပ်များနှင့် မိကျောင်းများ ဥချသည့်အသိုက်များ၊ ကျင်းများ၊ ရေချို၊ ရေငန်စပ်ဒေသ များ စသည်တို့လည်း ပါဝင်သည်။ ထို့အပြင် ပင်လယ်နှင့် ဆက်စပ်သည့်မြစ်ဝများ၊ ချောင်းဝများ၌ အဝ၏ တစ်ဖက်ကမ်းအစွန်ဆုံးမှ အခြား တစ်ဖက်ကမ်း အစွန်ဆုံးကို ဆွဲထားသည့် မျဉ်းဖြောင့်၏ ကုန်းတွင်းပိုင်းရေပြင်သည် ရေချိုငါးလုပ်ငန်းရေပြင်ဖြစ်သည်။

(ဎ) **အငှားဂရန်အင်း**ဆိုသည်မှာ ဦးစီးဌာနက နယ်နိမိတ်၊ ငါးအမျိုးအစား၊ ငါးဖမ်းကိရိယာ၊ အချိန် ကာလနှင့် ငါးဖမ်းနည်း စသည့် သတ်မှတ်ချက်များထားရှိ၍ အငှားဂရန်ဖြင့် ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပြုသောရေပြင်ကို ဆိုသည်။

(ဏ) **သီးသန့်အင်း**ဆိုသည်မှာ ဦးစီးဌာနက ငါးမျိုးပြုန်းတီးခြင်းမရှိစေရန်နှင့် ငါးမျိုးပွားစေရန် အလို့ငှာ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အခါအားလျော်စွာ ပိတ်ပင်တားမြစ်ထားသည့် ရေပြင် သို့မဟုတ် သတ်မှတ်ချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် ရေပြင်ကို ဆိုသည်။

(တ) **ဘေးမဲ့အင်း**ဆိုသည်မှာ ငါးမျိုးပြုန်းတီးမှုမရှိစေရန်နှင့် ငါးမျိုးပွားစေရန်အလို့ငှာ ရေချိုငါးလုပ်ငန်း ရေပြင်အတွင်း နယ်နိမိတ်သတ်မှတ်၍ ငါးလုပ်ငန်းလုပ်ကိုင်ခြင်းကို အမြဲတမ်း ပိတ်ပင်တားမြစ် ထားသော ရေပြင် သို့မဟုတ် မည်သူမျှ ငါးမဖမ်းဆီးရန် သတ်မှတ်ထားသောရေပြင်ကို ဆိုသည်။

(ထ) **လိုင်စင်ဖြင့်လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင်**ဆိုသည်မှာ ဦးစီးဌာနက အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းဟု သတ်မှတ်ထားသော နေရာဒေသမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်ဖြင့်ဖြစ်စေ၊ ငါးဖမ်းကွက် သတ်မှတ်ပြီး တင်ဒါလိုင်စင်ချထား၍ဖြစ်စေ၊ အခြားနည်းလမ်းတစ်ရပ်ရပ်ဖြင့်ဖြစ်စေ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသော ရေပြင်ကို ဆိုသည်။

(ဒ) **အငှားဂရန်**ဆိုသည်မှာ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်ရန်ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်ကို ဆိုသည်။

(ဓ) **လိုင်စင်**ဆိုသည်မှာ ငါးလုပ်ငန်းတစ်ရပ်ရပ် လုပ်ကိုင်နိုင်ရန်အတွက် ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ကို ဆိုသည်။

(န) **တင်ဒါလိုင်စင်**ဆိုသည်မှာ ဦးစီးဌာနက လိုင်စင်ချထားရာတွင် အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့်လိုင်စင်ကို ဆိုသည်။

(ပ) **ပြန်အမ်းငွေ**ဆိုသည်မှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ခြင်းကြောင့်မဟုတ်ဘဲ တိုင်းဒေသကြီးအကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကို ဆိုင်းငံ့ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းခံရလျှင်ဖြစ်စေ၊ သဘာဝဘေးအန္တရာယ်ကြောင့် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာမှုရှိလျှင်ဖြစ်စေ အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်းခံရသူက ပေးသွင်းထားသည့် အခွန်အခ အနက် လုပ်ကိုင်ရန်ကျန်ရှိသော ငါးလုပ်ငန်းရာသီအတွက် ပြန်လည်ရထိုက်သော အခွန်အခငွေကို ဆိုသည်။

(ဖ) **ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ**ဆိုသည်မှာ ဦးစီးဌာနက ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းနှင့် သက်ဆိုင်သော လုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်ရရှိသူကို ဆိုသည်။

(ဗ) **ရေလုပ်သား**ဆိုသည်မှာ ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများကို အချိန်ပိုင်းဖြစ်စေ၊ အချိန်ပြည့်ဖြစ်စေ ပါဝင်လုပ်ကိုင်နေသူကို ဆိုသည်။

(ဘ) **ရေထွက်ပစ္စည်း**ဆိုသည်မှာ တိုင်းဒေသကြီး၏ ရေချိုငါးလုပ်ငန်းရေပြင်မှ ရရှိသော ငါး၊ သက်ရှိရေသတ္တဝါများ ယင်းတို့မှ ပြုပြင်ထုတ်လုပ်ထားသည့် ပစ္စည်းများ၊ ဘေးထွက်နှင့် စွန့်ပစ်ပစ္စည်းများ၊ ဥများ၊ သားပေါက်များ၊ သားလောင်းများ၊ အခွံများ၊ အရိုးများ၊ အရေခွံများ၊ အပင်များ၊ သက်မဲ့ပစ္စည်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပက်ကျိ၊ ပင်လယ်မျှော့၊ လိပ်နှင့် ဥများ၊ မိကျောင်းနှင့် ဥများ၊ ငါးကြီးအန်ဖတ်၊ ကမာခွံ၊ ခရုခွံ၊ ပုစွန်ခွံ၊ ယောက်သွား၊ သန္တာကျောက်ခတ်၊ ပင်လယ်ရေမြှုပ်၊ ကျောက်ပွင့်၊ ရေညှိ၊ ရေမှော် စသည်များလည်း ပါဝင်သည်။

(မ) **ပြုပြင်မွမ်းမံခြင်း**ဆိုသည်မှာ ငါးများအား မူလအခြေအနေမှ တစ်နည်းနည်းဖြင့် ပြင်ဆင်ပြောင်းလဲခြင်း၊ ပြုပြင်မွမ်းမံခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် ကိုယ်တိုင်စားသုံးရန်မှတစ်ပါး ထုတ်လုပ်ဆောင်ရွက်သည့် အေးခဲခြင်း၊ ကြပ်တိုက်ခြင်း၊ အခြောက်ခံခြင်း၊ ဆားနယ်ခြင်း၊ ငါးပိ၊ ငါးခြောက်၊ ပုစွန်ခြောက်၊ ငံပြာရည်၊ ငါးချဉ်၊ ပုစွန်ချဉ် စသည်တို့ ပြုလုပ်ခြင်း၊ စည်သွတ်ခြင်း၊ ငါးကြေမှုန့် ပြုလုပ်ခြင်း၊ ငါးမှ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ထုတ်လုပ်ခြင်း စသည့် လုပ်ငန်းများ လည်း ပါဝင်သည်။

(ယ) **ပြုပြင်မွမ်းမံအလုပ်ရုံ၊ စက်ရုံ**ဆိုသည်မှာ ပြုပြင်မွမ်းမံခြင်းနှင့် သိုလှောင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ဆောင်သော အလုပ်ရုံ၊ စက်ရုံကို ဆိုသည်။

(ရ) **အအေးခန်းစက်ရုံ**ဆိုသည်မှာ ငါးများသန့်ရှင်းလတ်ဆတ်နေစေရန် အေးခဲမှုစနစ်ဖြင့် ပြုပြင်အေးခဲ၊ သိုလှောင်၊ ထိန်းသိမ်းထားသည့်စက်ရုံကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ငါးလုပ်ငန်းများ စနစ်တကျပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) ငါးမျိုးပြုန်းတီးမှုကို ကာကွယ်တားဆီးရန်၊

(ဂ) ငါးနေငါးထိုင်တောများနှင့် ၎င်းတို့၏ဂေဟစနစ်များပျက်စီးမှုမှ ကာကွယ်စောင့်ရှောက်ရန်၊

(ဃ) တိုင်းဒေသကြီးက ရသင့်ရထိုက်သောအခွန်အခများ ရရှိစေရန်၊

(င) တရားမဝင်ငါးလုပ်ငန်းများ လုပ်ကိုင်ခြင်းမှ ကာကွယ်တားဆီးရန်၊

(စ) ပြည်တွင်းစားသုံးမှုဖူလုံစေပြီး ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချရန်၊

(ဆ) ရေထွက်ပစ္စည်းများ အရည်အသွေးကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းစွာ ထုတ်လုပ်စေရန်၊

(ဇ) ငါးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် နိုင်ငံတကာသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန်၊

(ဈ) ငါးလုပ်ငန်းများကို ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း ပြုနိုင်ရန်။

## အခန်း (၃)
## အငှားဂရန်၊ လိုင်စင် လျှောက်ထားခြင်း၊ ထုတ်ပေးခြင်း

၄။ အငှားဂရန်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ဈေးပြိုင်စနစ်ဖြင့် လေလံဆွဲဝယ်ရမည်။

၅။ သီးသန့်အင်းတစ်ခုခုတွင် ငါးလုပ်ငန်းလုပ်ကိုင်လိုသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့် အညီ ဦးစီးဌာနတွင် လျှောက်ထားလုပ်ကိုင်ရမည်။

၆။ အငှားဂရန်အင်း၊ သီးသန့်အင်းမှအပ အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်း လုပ်ကိုင်လိုသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာ လိုင်စင်ခွန် ပေးဆောင်ခြင်းဖြင့် ဖြစ်စေ၊ တင်ဒါလိုင်စင်ချထားခြင်းဖြစ်ပါက အိတ်ဖွင့်တင်ဒါဈေးနှုန်းတင်သွင်း၍ လိုင်စင်ရယူခြင်းဖြင့်ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရမည်။

၇။ ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့်လိုင်စင်နှင့် ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် များကို လုပ်ကိုင်လိုသူသည် သတ်မှတ်သည့်နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ထံတွင် လိုင်စင်ရယူ၍ လုပ်ကိုင်ဆောင်ရွက်ရမည်။

၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အောက်ပါကိစ္စရပ်များတွက် သက်ဆိုင်ရာဝန်ကြီးမှတစ်ဆင့် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အငှားဂရန်နှင့်လိုင်စင်ထုတ်ပေးရမည် -

(က) နှစ်ရှည်အငှားဂရန်ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၉။ အငှားဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် အခြားရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် တင်ဒါလိုင်စင်ချထားသည့်ကိစ္စတို့ကို သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ လေလံတင်ရောင်းချခြင်း သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ပြုလုပ်၍ တိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနမှူးထံ တင်ပြရမည်။

၁၀။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အငှားဂရန်အင်း လေလံတင်ရောင်းချသည့်ကိစ္စနှင့် တင်ဒါလိုင်စင် ချထားသည့်ကိစ္စတို့တွင် ဝန်ကြီး၏အတည်ပြုချက် ရယူရမည်။

၁၁။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၁၀ အရ အတည်ပြုချက် ရယူပြီးမှသာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ထုတ်ပေးရန် ဆောင်ရွက်ရမည်။

၁၂။ မြို့နယ်ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းနှင့် သက်ဆိုင်သောလုပ်ငန်းများတွင် အချိန်ပြည့်ဖြစ်စေ၊ အချိန်ပိုင်းဖြစ်စေ ပါဝင်လုပ်ကိုင်လိုသူက ရေလုပ်သားမှတ်ပုံတင် လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းနှင့်အညီ ရေလုပ်သားမှတ်ပုံတင်ကတ် ထုတ်ပေးရမည်။

၁၃။ မြို့နယ်ဦးစီးဌာနမှူးသည် အငှားဂရန်နှင့် တင်ဒါလိုင်စင်ချထားသည့် ကိစ္စတို့မှအပ ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးလုပ်ငန်းဦးစီးဌာနက ခွင့်ပြုသတ်မှတ်ထားသော ငါးဖမ်းကိရိယာ အမျိုးအစားတစ်ခုခုဖြင့် ငါးဖမ်းလိုကြောင်း လျှောက်ထားလာလျှင် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ငါးဖမ်းကိရိယာလိုင်စင် ထုတ်ပေးရမည်။

## အခန်း (၄)
## အခွန်အခများ ပေးဆောင်ခြင်း

၁၄။ အငှားဂရန်အင်းလေလံဆွဲဝယ်ရရှိသူသည် ဆွဲဝယ်သည့်လေလံကြေးဖြစ်သော အင်းခွန်ကို လည်းကောင်း၊ တင်ဒါလိုင်စင် ချထားခြင်းခံရသူသည် တင်ဒါခွန်နှင့် လိုင်စင်ခွန်တို့ကိုလည်းကောင်း လက်ငင်း ငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေပေးဆောင်ရမည်။

၁၅။ နှစ်ရှည်အငှားဂရင်အင်း သို့မဟုတ် သီးသန့်အင်း အခွန်များကို ဌာနသို့ သတ်မှတ်ထားသည့် နေ့ရက် အတွင်း ပေးဆောင်ရမည်။ အခွန်ငွေပေးဆောင်ရန် ပျက်ကွက်သူသည် ပေးဆောင်ရန်ရှိသော အခွန်ငွေ များအပြင် သတ်မှတ်ထားသည့်ဒဏ်ကြေးကိုလည်း ပေးဆောင်ရမည်။

၁၆။ အငှားဂရန်အင်း၊ သီးသန့်အင်းနှင့် တင်ဒါလိုင်စင်မှအပ အခြားရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် ငါးဖမ်းကိရိယာလိုင်စင်ရရှိသူသည် ပေးဆောင်ရန်ရှိသော လိုင်စင်ခွန်ကို လက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီး အပြေအကျေ ပေးဆောင်ရမည်။

၁၇။ နှစ်ရှည်အငှားဂရန်ရရှိသူသည် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ အင်းခွန်နှင့် အခြားကျသင့် ငွေများကို ပေးဆောင်ရမည်။

၁၈။ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်သူများသည် အောက်ပါအခွန်အခများကိုလက်ငင်းငွေချေစနစ်ဖြင့် နေ့ချင်းပြီးပေးဆောင်၍ လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရမည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ်စုဆောင်းခွင့် လိုင်စင်ခွန်၊

(ခ) ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့် လိုင်စင်ခွန်၊

(ဂ) ရေလုပ်သားမှတ်ပုံတင်ကတ်အခွန်။

၁၉။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် ပေးဆောင်ရန်ရှိသောအင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့် အခြား အခွန်အခများကို -

(က) နိုင်ငံသားဖြစ်ပါက ပြည်တွင်းသုံးငွေဖြင့် ပေးဆောင်ရမည်၊

(ခ) နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားမတည်ငွေဖြင့် လုပ်ငန်းလုပ်ကိုင်သည့်ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ဖြစ်ပါက ကျသင့်သောအခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့် နိုင်ငံခြားငွေဖြင့် ပေးဆောင်ရမည်။

## အခန်း (၅)
## ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်နှင့်ဆောင်ရွက်နိုင်ခွင့်များ

၂၀။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ပေးဆောင်ရန်ရှိသော အခွန်အခများကို ဦးစီးဌာနက သတ်မှတ်သည့်အတိုင်း ပေးဆောင်ရမည်၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များအပြင် ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ဂ) ဦးစီးဌာနက တာဝန်ပေးအပ်ပါက ငါးလုပ်ငန်းဆိုင်ရာ သုတေသနလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးရမည်၊

(ဃ) မိမိလုပ်ငန်းတွင် မြို့နယ်ဦးစီးဌာန၌ မှတ်ပုံတင်ထားသည့် ရေလုပ်သားကိုသာ ခန့်ထားလုပ်ကိုင်စေရမည်။

၂၁။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ၏ ဆောင်ရွက်နိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် လိုင်စင်ပါစည်းကမ်းချက်များနှင့်အညီ လုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိခြင်း၊

(ခ) အငှားဂရန်နှင့် တင်ဒါလိုင်စင်အတွက် ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားခွင့်ရှိခြင်း။

## အခန်း (၆)
## တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၂၂။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ငါးလုပ်ငန်းများကို စနစ်တကျဖွံ့ဖြိုးတိုးတက်လာစေရန် စီမံခန့်ခွဲခြင်း၊ ကြီးကြပ်ခြင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ခ) ငါးဖမ်းကိရိယာ အမျိုးအစားအလိုက် လိုင်စင်ခနှုန်းထားများကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် သတ်မှတ်ပေးခြင်း၊

(ဂ) အင်းဂရန်အသစ်များ သတ်မှတ်ခြင်းကို အစိုးရအဖွဲ့၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြ၍ ပြည်ထောင်စုစာရင်းဝင် အငှားဂရန်အင်းအဖြစ် အတည်ပြုခြင်း၊

(ဃ) တင်ဒါငါးဖမ်းကွက်အသစ်သတ်မှတ်ခြင်း၊ နေရာပြောင်းလဲသတ်မှတ်ခြင်း၊ ပယ်ဖျက်ခြင်းတို့ကို ဝန်ကြီး၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) တားမြစ်ထားသည့် ငါးအမျိုးအစား၊ အရွယ်အစား၊ ငါးဖမ်းကိရိယာ၊ ငါးဖမ်းရာသီ၊ နေရာဒေသနှင့် ငါးဖမ်းနည်းတို့ကို သတ်မှတ်ပေးခြင်း၊

(စ) အငှားဂရန်သက်တမ်း၊ လိုင်စင်သက်တမ်းနှင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ လိုက်နာရမည့် အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို သတ်မှတ်ပေးခြင်း၊

(ဆ) အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း သို့မဟုတ် လိုင်စင်ဖြင့် လုပ်ကိုင်ခွင့်ပြုသော ငါးလုပ်ငန်းရေပြင် အမျိုးအစားကို အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ပြောင်းလဲသတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊ ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ထံ ဆက်လက်တင်ပြ၍ အတည်ပြုချက်ရယူခြင်း၊

(ဇ) လုံလောက်သောအကြောင်းရှိလျှင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အငှားဂရန်အင်းတစ်ခုခုကို လေလံဆွဲဝယ်ရရှိသူအား နှစ်အကန့်အသတ်ဖြင့် ဆက်လက်၍အငှားဂရန်ချထားရန် ညွှန်ကြားခြင်း၊

(ဈ) ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးများ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(ည) အင်းအိုင်ပြန်တမ်းမိတ္တူများကို မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ထံသို့ ပေးပို့ဆောင်ရွက်ခြင်း၊

(ဋ) ဝန်ကြီးက အခါအားလျော်စွာပေးအပ်သော ငါးလုပ်ငန်းဆိုင်ရာကိစ္စများ ဆောင်ရွက်ခြင်း။

၂၃။ တိုင်းဒေသကြီးဦးစီးဌာနမှူး၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

(က) ရေထွက်ပစ္စည်းရောင်းဝယ် စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့် လိုင်စင် အပါအဝင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုသည့် လိုင်စင်များကို ထုတ်ပေးခြင်း၊

(ခ) ဦးစီးဌာနက ထုတ်ပေးထားသည့် အငှားဂရန် သို့မဟုတ် လိုင်စင်ပျက်စီးပျောက်ဆုံးသဖြင့် မိတ္တူ ရယူလိုကြောင်း လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ လျှောက်ထားသူအား သတ်မှတ်သည့် အခကြေးငွေ ပေးသွင်းစေပြီး အငှားဂရန် သို့မဟုတ် လိုင်စင်မိတ္တူကို ထုတ်ပေးခြင်း သို့မဟုတ် ထုတ်ပေးရန် စီမံဆောင်ရွက်ခြင်း။

၂၄။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်း၊ သုတေသနလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်သောအသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ဝန်ကြီး၏သဘောတူညီ ချက်ဖြင့် ကောက်ခံခြင်း၊ သုံးစွဲခြင်းပြုနိုင်သည်။

၂၅။ ဤဥပဒေပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စတွင် တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည် -

(က) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့် အခြားသက်သေခံပစ္စည်းများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းယူခြင်း၊ ထုခွဲရောင်းချခြင်း သို့မဟုတ် အခြားသင့်လျော်သလို စီမံခန့်ခွဲခြင်း၊

(ခ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူကိုဖြစ်စေ၊ ပိုင်ရှင်ကို ဖြစ်စေ လုံလောက်သောခံဝန်ဖြင့် သို့မဟုတ် မရွှေ့မပြောင်းနိုင်သောပစ္စည်း အာမခံတင်စေပြီး ပြန်လည်ပေးအပ်ထားခြင်း သို့မဟုတ် ပြန်လည်လုပ်ကိုင်ခွင့်ပြုခြင်း၊

(ဂ) ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများကို သင့်လျော်သော ဒဏ်ကြေးပေးဆောင်စေ၍ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူ သို့မဟုတ် ပိုင်ရှင်အား ပြန်လည်ရွေးယူခွင့်ပြုခြင်း၊

(ဃ) ရောင်းရငွေနှင့် ဒဏ်ကြေးငွေများကို တိုင်းဒေသကြီးဘဏ္ဍာငွေအဖြစ် ဘဏ်သို့ ပေးသွင်းစေခြင်း၊

၂၆။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ဤဥပဒေအရ မိမိအား အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ဦးစီးဌာနမှ ပြန်တမ်းဝင်အရာရှိ တစ်ဦးဦးကိုဖြစ်စေ၊ ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ ဦးစီးဌာနမှူးတစ်ဦးဦးကိုဖြစ်စေ လွှဲအပ် နိုင်သည်။

၂၇။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် အငှားဂရန် သို့မဟုတ် လိုင်စင်ရရှိသူအား အောက်ပါကိစ္စရပ်များ စစ်ဆေးတွေ့ရှိပါက အငှားဂရန် သို့မဟုတ် လိုင်စင်ကို ပြန်လည်ရုပ်သိမ်းရမည် -

(က) ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ အငှားဂရန် သို့မဟုတ် လိုင်စင်ကို အခြားသူတစ်ဦးတစ်ယောက်အား လွှဲပြောင်းခြင်း၊

(ခ) အငှားဂရန် သို့မဟုတ် လိုင်စင်ကို မမှန်ကန်သောနည်းလမ်းဖြင့် ရယူထားကြောင်း စစ်ဆေး တွေ့ရှိခြင်း၊

(ဂ) အငှားဂရန်နှင့် လိုင်စင်ပါစည်းကမ်းချက်များကို ဖောက်ဖျက်ခြင်း အပါအဝင် အခြားလုံလောက် သော အကြောင်းပြချက်ရှိကြောင်း စစ်ဆေးတွေ့ရှိခြင်း။

## အခန်း (၇)

## ဝန်ကြီး၏လုပ်ပိုင်ခွင့်များ

၂၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် အောက်ပါလုပ်ငန်းများအတွက် အခွန်အခများ ပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည် -

(က) ဌာန၏ခွင့်ပြုချက်ဖြင့် ဆောင်ရွက်သော ငါးလုပ်ငန်းသုတေသန၊

(ခ) တိုင်းဒေသကြီးအကျိုးငှာ လိုအပ်သည့်ငါးလုပ်ငန်း။

၂၉။ ဝန်ကြီးသည် သီးသန့်အင်းလုပ်ကိုင်ခွင့်ကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏တင်ပြချက်အရ ခွင့်ပြုနိုင်သည်။

၃၀။ ဝန်ကြီးသည် အောက်ပါကိစ္စရပ်များအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုရန် ခွင့်ပြုနိုင်သည် -

(က) နှစ်ရှည်အငှားဂရန် ချထားခြင်း၊

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် နိုင်ငံခြားငွေဖြင့် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်း။

၃၁။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် မည်သည့်အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ကိုမဆို ဆိုင်းငံ့ခြင်း၊ ရုပ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

၃၂။ ဝန်ကြီးသည် ဦးစီးဌာနက ပြန်လည်ထုတ်ပေးခွင့်ရှိသော ပြန်အမ်းငွေပမာဏကို သတ်မှတ်ပေးရမည်။

၃၃။ ဝန်ကြီးသည် ဤဥပဒေပုဒ်မ ၄၃ ပါ အယူခံခြင်းကိစ္စများကို ဆောင်ရွက်ပေးနိုင်သည်။

၃၄။ ဝန်ကြီးသည် ဤဥပဒေပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သဖြင့် အရေးယူသည့်ကိစ္စများကို တိုင်းဒေသကြီးဦးစီးဌာနမှူး၏တင်ပြချက်အရ ဆောင်ရွက်ပေးနိုင်သည်။

၃၅။ ဝန်ကြီးသည် တိုင်းဒေသကြီးအကျိုးငှာ လိုအပ်လျှင် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်နှင့်စပ်လျဉ်း၍ အောက်ပါတို့ကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ဆောင်ရွက်နိုင်သည် -

(က) ရေချိုငါးလုပ်ငန်း ရေပြင်တစ်ခုခုတွင် အငှားဂရန်အင်း သို့မဟုတ် တင်ဒါငါးဖမ်းကွက်အသစ် သတ်မှတ်ခြင်း၊

(ခ) ရေချိုငါးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာကိစ္စရပ်များတွင် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေးခြင်း၊

(ဂ) ငါးလုပ်ငန်းရေရှည်တည်တံ့ရေးလုပ်ငန်းနှင့် သုတေသနလုပ်ငန်းများဆောင်ရွက်ရာတွင် လိုအပ်သော အသုံးစရိတ်များကို ဘဏ္ဍာရေးစည်းမျဉ်းနှင့်အညီ ကောက်ခံခြင်း၊ သုံးစွဲခြင်းကို ဆောင်ရွက်ပေးခြင်း။

## အခန်း (၈)

## ပြန်အမ်းငွေလျှောက်ထားခြင်း

၃၆။ အောက်ပါအချက်တစ်ရပ်ရပ်ပေါ်ပေါက်လျှင် အငှားဂရန်ရရှိသူ သို့မဟုတ် တင်ဒါလိုင်စင်ချထားခြင်း ခံရသူသည် သတ်မှတ်ထားသည့် နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးထံ ပြန်အမ်းငွေ လျှောက်ထားနိုင်သည် -

(က) တိုင်းဒေသကြီးအကျိုးငှာ အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင် ဆိုင်းငံ့ခံရခြင်း သို့မဟုတ် ရုပ်သိမ်းခံရခြင်း၊

(ခ) သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားခိုင်လုံသော အကြောင်းတစ်စုံတစ်ရာကြောင့် ငါးထုတ်လုပ်မှု ထိခိုက်နစ်နာခြင်း။

၃၇။ ပုဒ်မ ၃၆ အရ လျှောက်ထားလာလျှင် သက်ဆိုင်ရာ ခရိုင်ဦးစီးဌာနမှူးသည် လုပ်ထုံးလုပ်နည်းများနှင့် အညီ စစ်ဆေးဆောင်ရွက်၍ တိုင်းဒေသကြီးဦးစီးဌာနမှူးထံ ဆက်လက်တင်ပြဆောင်ရွက်ရမည်။

၃၈။ တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ပုဒ်မ ၃၆ အရ လျှောက်ထားလာသည့်ကိစ္စနှင့်စပ်လျဉ်း၍ မှန်ကန်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ပြန်အမ်းငွေထုတ်ပေးရန်အတွက် ဝန်ကြီးထံသို့ တင်ပြဆောင်ရွက်ရမည်။

၃၉။ ဝန်ကြီး၏ဆုံးဖြတ်ချက်အရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ပြန်အမ်းငွေထုတ်ပေးရန် အမိန့်ချမှတ်ရမည်။

## အခန်း (၉)
## ငါးလုပ်ငန်း လုပ်ကိုင်ခွင့်ပျက်ပြယ်ခြင်း

၄၀။ အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်သည့်အခါ ဤဥပဒေအရ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် ပျက်ပြယ်သည် -

(က) ခွင့်ပြုသည့်ကာလ ကုန်ဆုံးခြင်း၊

(ခ) အငှားဂရန်၊ တင်ဒါလိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင် ရုပ်သိမ်းခံရခြင်း သို့မဟုတ် ပယ်ဖျက်ခံရခြင်း၊

(ဂ) ငါးလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်တော့ကြောင်း ခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲဦးစီးဌာနမှူးက စစ်ဆေး တွေ့ရှိခြင်း၊

(ဃ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူက မိမိလုပ်ငန်းကို ဆက်လက်မလုပ်ကိုင်လို၍ အငှားဂရန်၊ တင်ဒါ လိုင်စင် သို့မဟုတ် ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ကို ပြန်လည် အပ်နှံခြင်း။

## အခန်း (၁၀)
## စစ်ဆေးခြင်းနှင့်အရေးယူခြင်း

၄၁။ ဦးစီးဌာနမှူးသည် အောက်ပါ စစ်ဆေးခြင်းနှင့် အရေးယူခြင်းလုပ်ငန်းများကို ဆောင်ရွက် ရမည် -

(က) မိမိတာဝန်ခံရသော ငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ သီးခြားတာဝန်ပေးခံရသော အခြား ငါးလုပ်ငန်းရေပြင်အတွင်းတွင်ဖြစ်စေ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် အငှား ဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်း၊ တင်ဒါချက်အပါအဝင် မည်သည့်ငါးလုပ်ငန်းကိုမဆို ဝရမ်းမပါဘဲ ရပ်တန့်ခြင်း၊ တက်ရောက်ခြင်း၊ ဝင်ရောက်ခြင်း၊ စစ်ဆေးခြင်း၊ ရှာဖွေခြင်း၊

(ခ) လုပ်ငန်းတွင် ထားရှိရမည့် အငှားဂရန်၊ လိုင်စင် အပါအဝင် လိုအပ်သည့် စာရွက်စာတမ်းများကို တောင်းယူစစ်ဆေးခြင်း၊ ကူးယူခြင်း၊

(ဂ) ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူနှင့် ရေလုပ်သားများအား လိုအပ်သလို မေးမြန်းခြင်း၊ စစ်ဆေးခြင်း၊ ညွှန်ကြားခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် အကျုံးဝင်သော ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများ၊ ငါးများနှင့်တကွ တွေ့ရှိသော သက်သေခံပစ္စည်း များကို သိမ်းဆည်းခြင်း၊

(င) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်သောကိစ္စတွင် တရားစွဲဆိုရန် စီစဉ်ဆောင်ရွက်ခြင်း၊

(စ) ငါးနှင့် အခြားလျင်မြန်စွာပုပ်သိုးပျက်စီးနိုင်သည့်ပစ္စည်းများ ဖမ်းဆီးရမိပါက အမြန်ဆုံးထုခွဲရောင်းချပြီး ရောင်းရငွေကို တိုင်းဒေသကြီးဘဏ္ဍာငွေအဖြစ် ဘဏ်သို့ ပေးသွင်းခြင်း။

၄၂။ ဦးစီးဌာနမှူးသည် ဤဥပဒေအရ ဖောက်ဖျက်ကျူးလွန်သောပြစ်မှုကို တရားစွဲဆိုတင်ပို့ရာတွင် ယင်းပြစ်မှုနှင့်စပ်လျဉ်း၍ ဥပဒေနှင့်အညီ သိမ်းဆည်းရမိသောငါးများ၊ ငါးဖမ်းရေယာဉ်၊ ယာဉ်၊ ငါးဖမ်းကိရိယာများနှင့် လက်တွေ့တွင် တရားရုံးရှေ့မှောက်သို့ သယ်ယူရန်မလွယ်ကူသော အခြားပစ္စည်းများကို သက်သေခံပစ္စည်းအဖြစ် တင်ပြရန်မလိုဘဲ ယင်းပစ္စည်းများအား မည်သို့စီမံဆောင်ရွက်ထားကြောင်းကို အစီရင်ခံစာဖြင့်သော်လည်းကောင်း၊ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့်သော်လည်းကောင်း တရားရုံးသို့ တင်ပြရမည်။

## အခန်း (၁၁)
## အယူခံခြင်း

၄၃။ (က) ဤဥပဒေအရ မြို့နယ်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ခရိုင်ဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ခ) ခရိုင်ဦးစီးဌာနမှူးသည် မြို့နယ်ဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်၊

(ဂ) ဤဥပဒေအရ ခရိုင်ဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း တိုင်းဒေသကြီးဦးစီးဌာနမှူးထံ အယူခံဝင်နိုင်သည်၊

(ဃ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် ခရိုင်ဦးစီးဌာနမှူး၏ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(င) ဤဥပဒေအရ တိုင်းဒေသကြီးဦးစီးဌာနမှူးက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်ပါက ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း ဝန်ကြီးထံ အယူခံဝင်နိုင်သည်၊

(စ) ဝန်ကြီးသည် တိုင်းဒေသကြီးဦးစီးဌာနမှူး၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်၊

(ဆ) ဝန်ကြီး၏ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၁၂)
## တားမြစ်ချက်များ

၄၄။ မည်သူမျှ ဤဥပဒေအရ ထုတ်ပေးသည့် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင်၊ ငါးလုပ်ငန်းလိုင်စင် သို့မဟုတ် ရေလုပ်သားမှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၄၅။ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ရရှိသူသည် အငှားဂရန်၊ တင်ဒါလိုင်စင်၊ ငါးဖမ်းကိရိယာလိုင်စင် သို့မဟုတ် ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၄၆။ ဤဥပဒေအရ ထုတ်ပေးထားသောလိုင်စင်နှင့် ဂရန်များကို ဦးစီးဌာန၏ခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်း လုပ်ကိုင်ခြင်းမပြုရ။

၄၇။ မည်သူမျှ အင်းလေလံဆွဲဝယ်ပြီးနောက် သို့မဟုတ် တင်ဒါလိုင်စင် ချထားခံရပြီးနောက် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ပေးဆောင်ရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ ဒဏ်ကြေးနှင့် လိုင်စင်ခွန်တို့ကို သတ်မှတ်သည့် ကာလအတွင်း ပေးဆောင်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၄၈။ မည်သူမျှ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနယ်နိမိတ်အတွင်း အောက်ပါတို့ကို မပြု လုပ်ရ -

(က) ငါးနေ ငါးထိုင်တောများ ပျက်စီးစေရန် ခုတ်ထွင်ခြင်း၊ ရှင်းလင်းခြင်း၊ မီးရှို့ခြင်း၊

(ခ) သီးနှံစိုက်ပျိုးခြင်း၊

(ဂ) လူနေအိမ်များ ဆောက်လုပ်နေထိုင်ခြင်း။

၄၉။ ဦးစီးဌာနမှူးသည် ငါးလုပ်ငန်းတစ်ခုခုအား စစ်ဆေးနေစဉ် မည်သူမျှ အောက်ပါတစ်ခုခုကို မပြု လုပ်ရ -

(က) ပြစ်မှုကျူးလွန်သူကို အခြားသူတစ်ဦးဦးဖြင့် အစားထိုးခြင်း၊

(ခ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းကို ဖျောက်ဖျက်ခြင်း၊ စွန့်ပစ်ခြင်း၊ အစားထိုးခြင်း၊ ပြောင်းလဲခြင်း။

၅၀။ မည်သူမျှ ဝန်ကြီးဌာနနှင့် ဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သည့် အမိန့်ကြော်ငြာစာ၊ အမိန့်၊ စည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်၊ ကန့်သတ်ချက် သို့မဟုတ် တားမြစ်ချက်တို့ကို လိုက်နာရန် ပျက်ကွက်ခြင်းမရှိစေရ။

၅၁။ မည်သူမျှ တာဝန်ဝတ္တရားများ ဆောင်ရွက်နေသော ဦးစီးဌာန၏ဝန်ထမ်းတစ်ဦးဦးအား နှောင့်ယှက်ခြင်း၊ လက်ရောက်မှုကျူးလွန်ခြင်းမပြုရ။

၅၂။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ ဆည်၊ တမံ၊ ယင်း၊ ပိုက် အပါအဝင် အခြားမည်သည့်အပိတ်အဆို့၊ အတားအဆီးတစ်စုံတစ်ရာကိုမျှ စိုက်ထူခြင်း၊ တည်ဆောက် ခြင်း၊ ချထားခြင်း၊ ပြုပြင်ခြင်း၊ သုံးစွဲခြင်းမပြုလုပ်ရ။

၅၃။ မည်သူမျှ ရေချိုငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် ငါး၊ အခြားရေနေသတ္တဝါနှင့် သက်ရှိ၊ သက်မဲ့ သယံဇာတပစ္စည်းများအား နှောင့်ယှက်ခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေထုညစ်ညမ်းစေခြင်းမပြုလုပ်ရ။

၅၄။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရရှိဘဲ အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့် ယင်းတို့နှင့် ဆက်စပ်နေသည့် ချောင်း၊ မြောင်းများတွင်ဖြစ်စေ၊ ရေစီးလမ်းကြောင်းများတွင်ဖြစ်စေ ရေ၏အမျိုးအစား၊ ရေ၏ထုထည် သို့မဟုတ် ရေစီးလမ်းကြောင်းကို ပြောင်းလဲခြင်းမပြုလုပ်ရ။

၅၅။ မည်သူမျှ အောက်ပါရေထွက်ပစ္စည်းများကို ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ခြင်း၊ ပြည်ပမှ တင်သွင်း ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ သယ်ယူခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းမပြုရ -

(က) စားသုံးသူကို အဆိပ်သင့်စေနိုင်သော၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေနိုင်သော၊ ကျန်းမာရေးကို ထိခိုက် စေနိုင်သော သို့မဟုတ် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေနိုင်သောရေထွက်ပစ္စည်း၊

(ခ) ရေထွက်ပစ္စည်း၏ အရည်အသွေးကိုထိခိုက်စေပြီး၊ ဘေးဥပဒ်အန္တရာယ်ဖြစ်စေရန် တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အစားထိုးထားသော သို့မဟုတ် လူတို့ စားသုံးရန်မသင့်သည့် ဆိုးဆေး၊ ယမ်းစိမ်း အပါအဝင် ဓာတုပစ္စည်း အစရှိသည်တို့နှင့် ပြုပြင်ရောစပ်ထားသော ရေထွက် ပစ္စည်း၊

(ဂ) အလေးချိန်တိုးစေရန်နှင့် အရည်အသွေးကိုထိခိုက်စေမည့် ရေ သို့မဟုတ် သတ္တု သို့မဟုတ် ပြင်ပ ပစ္စည်းများ ထည့်သွင်းထားသောရေထွက်ပစ္စည်း။

၅၆။ မည်သူမျှ ငါးလုပ်ငန်းရေပြင်တစ်ခုခုတွင် အောက်ပါတို့ကို မပြုလုပ်ရ -

(က) ပေါက်ကွဲစေတတ်သည့် ပစ္စည်းဖြင့် ငါးဖမ်းခြင်း၊ လျှပ်စစ်ဓာတ်ဖြင့် ငါးဖမ်းခြင်း၊ အဆိပ်အတောက်၊ ဓာတုပစ္စည်းနှင့် ယင်းကဲ့သို့ အန္တရာယ်ဖြစ်စေသောပစ္စည်းဖြင့် ငါးဖမ်းခြင်း သို့မဟုတ် အကျိုး ဖျက်ဆီးခြင်း၊

(ခ) တားမြစ်ထားသော ငါးဖမ်းနည်း သို့မဟုတ် ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းခြင်း၊

(ဂ) တားမြစ်ထားသော ငါးမျိုး သို့မဟုတ် ငါးအရွယ်အစားကို ဖမ်းဆီးခြင်း၊

(ဃ) တားမြစ်ထားသော အချိန်ကာလနှင့်နေရာဒေသတွင် ငါးဖမ်းခြင်း။

## အခန်း (၁၃)
## ပြစ်ဒဏ်များ

၅၇။ မည်သူမဆို ပုဒ်မ ၄၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ရေလုပ်သားမှတ်ပုံတင်ကတ်မရှိဘဲ ငါးလုပ်ငန်း လုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား သုံးလထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

(ခ) ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးဖမ်းကိရိယာလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

(ဂ) ရေထွက်ပစ္စည်း ရောင်းဝယ်စုဆောင်းခွင့်လိုင်စင်၊ ရေထွက်ပစ္စည်းပြုပြင်မွမ်းမံထုတ်လုပ်ခွင့်လိုင်စင် အပါအဝင် ငါးလုပ်ငန်းလိုင်စင်များမရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့် ကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

(ဃ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်သည့်ကိစ္စဖြစ်ပါက ထိုသူအား နှစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၅၈။ မည်သူမဆို ပုဒ်မ ၄၅ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ငါးဖမ်းကိရိယာလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား သုံးလထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်၊

(ခ) ငါးလုပ်ငန်းလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

(ဂ) အငှားဂရန် သို့မဟုတ် တင်ဒါလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်သည့်ကိစ္စ ဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၅၉။ မည်သူမဆို ပုဒ်မ ၄၆ ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ငါးလုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်လွှဲပြောင်းခြင်းကိစ္စဖြစ်ပါက ထိုသူအား ခြောက်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

( ခ ) ဦးစီးဌာန၏ခွင့်ပြုချက်မရှိဘဲ ဂရန် သို့မဟုတ် တင်ဒါလိုင်စင်လွှဲပြောင်းခြင်းကိစ္စဖြစ်ပါက ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။

၆၀။ မည်သူမဆို ပုဒ်မ ၄၇၊ ပုဒ်မ ၄၈၊ ပုဒ်မ ၄၉၊ ပုဒ်မ ၅၀ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား တစ်နှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၁။ မည်သူမဆို ပုဒ်မ ၅၁၊ ပုဒ်မ ၅၂၊ ပုဒ်မ ၅၃၊ ပုဒ်မ ၅၄၊ ပုဒ်မ ၅၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား နှစ်နှစ်ထက်မပိုသောထောင်ဒဏ် ဖြစ်စေ၊ ကျပ်နှစ်သိန်းထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၂။ မည်သူမဆို ပုဒ်မ ၅၆ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား သုံးနှစ်ထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသိန်းထက်မပိုသောငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်။

၆၃။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ် ချမှတ်ခြင်းခံရမည်။

၆၄။ ဤဥပဒေအရ ပြစ်မှုတစ်ရပ်ရပ်ဖြင့် ပြစ်မှုထင်ရှားစီရင်ခြင်းခံရဖူးသူသည် ယင်းပြစ်မှုကို ထပ်မံကျူးလွန် ပါက ယင်းပြစ်မှုအတွက် ပြဋ္ဌာန်းသတ်မှတ်ထားသည့် အများဆုံးပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

## အခန်း (၁၄)
## အထွေထွေ

၆၅။ ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပြစ်မှုထင်ရှားစီရင်ခြင်း သို့မဟုတ် အပြီးအပြတ်လွှတ်ခြင်း၊ အမိန့် ချမှတ်ပြီးလျှင် ယင်းပြစ်မှုအတွက် ထပ်မံစစ်ဆေးစီရင်ခြင်းမပြုရဟု ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၄၀၃ ပုဒ်မခွဲ (၁) ပါ ပြဋ္ဌာန်းချက်သည် ဤဥပဒေအရ ဦးစီးဌာနမှူး၏ အရေးယူဆောင်ရွက်ခြင်းနှင့် သက်ဆိုင်ခြင်း မရှိစေရ။

၆၆။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သည့်အမှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်သောပြစ်မှုများ အဖြစ်သတ်မှတ်သည်။

၆၇။ ဦးစီးဌာနမှူးသည် မိမိ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များကို ဆောင်ရွက်ရာတွင် လိုအပ်ပါက သက်ဆိုင်ရာ ရဲတပ်ဖွဲ့၏အကူအညီကို တောင်းခံရယူနိုင်သည်။

၆၈။ ဤဥပဒေအရ သဘောရိုးဖြင့်ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်းတစ်ဦးဦးကို တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်းမပြုရ။

၆၉။ ရေချိုငါးလုပ်ငန်းရေပြင်များနှင့်စပ်လျဉ်း၍ အငှားဂရန်နှင့်လိုင်စင်ချထားခြင်း၊ ငါးလုပ်ငန်းလုပ်ကိုင်ခွင့်ပြုခြင်းတို့ကို ဦးစီးဌာနကသာ ဆောင်ရွက်ခွင့်ရှိသည်။

၇၀။ ဦးစီးဌာနသည် အငှားဂရန်အင်း၊ သီးသန့်အင်း၊ ဘေးမဲ့အင်းနှင့်ရေချိုလုပ်ငန်းရေပြင်တို့၏နယ်နိမိတ်ပြမြေပုံများကိုခေတ်နှင့်လျော်ညီစွာ ရေးဆွဲပြုစုနိုင်ရန် သက်ဆိုင်ရာအစိုးရဌာနများနှင့်ညှိနှိုင်း၍ ပြုစုထားရှိရမည်။

၇၁။ ဤဥပဒေအရ ရရန်ရှိသော အင်းခွန်၊ တင်ဒါခွန်၊ လိုင်စင်ခွန်နှင့် ဒဏ်ကြေးငွေများကို သက်ဆိုင်ရာခရိုင်၊ မြို့နယ်၊ မြို့နယ်ခွဲ ဦးစီးဌာနမှူးသည် မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ မှတ်ယူ၍ အရကောက်ခံရမည်။

၇၂။ ဤဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် -

(က) သက်ဆိုင်ရာဝန်ကြီးဌာနသည်လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့်စည်းကမ်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး ဦးစီးဌာနမှူးတို့သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ်ရေးထိုးလိုက်သည်။

(ပုံ) မြင့်ဆွေ၊
ဝန်ကြီးချုပ်၊
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့။

# ကယားပြည်နယ်၏ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်၊ ဒေသန္တရစီမံကိန်းဥပဒေ

## ( ၂၀၁၃ ခုနှစ်၊ ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၇။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်

( ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက် )

## နိဒါန်း

၂၀၀၈ ခုနှစ်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၅၁ နှင့်အညီ ကယားပြည်နယ်အစိုးရသည် ပြည်ထောင်စုအစိုးရက ချမှတ်ထားသည့် မူဝါဒများနှင့်သော်လည်းကောင်း၊ ပြည်ထောင်စုဥပဒေများနှင့်သော်လည်းကောင်း၊ မဆန့်ကျင်စေဘဲ ပြည်နယ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းများနှင့်စပ်လျဉ်းသည့် စီမံကိန်းများကို ပြည်နယ်လွှတ်တော်၏ သဘောတူညီချက်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ၂၀၁၃-၂၀၁၄ ခုနှစ် **ဒေသန္တရစီမံကိန်း**ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **ဒေသန္တရစီမံကိန်း**ဆိုသည်မှာ ကာလတစ်ရပ်အတွင်း တစ်နိုင်ငံလုံး အတိုင်းအတာအရ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်စေရန် ချမှတ်ဆောင်ရွက်သောလုပ်ငန်း အစီအစဉ်များနှင့် ရည်မှန်းချက်များကို ဆိုသည်။

(ခ) **ဦးတည်ချက်**ဆိုသည်မှာ သတ်မှတ်ထားသည့် အဓိက မျှော်မှန်းချက်များကို ဆိုသည်။

(ဂ) **စီမံကိန်းလျာထားချက်**ဆိုသည်မှာ စီးပွားရေးကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရန် ရည်မှန်းထားသည့် အချက်အလက်များကို ဆိုသည်။

(ဃ) **အစီအစဉ်**ဆိုသည်မှာ ရည်မှန်းချက်များ ပြည့်မီရေးအတွက် အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်း အစီအစဉ်များကို ဆိုသည်။

(င) **အခြေခံနှစ်**ဆိုသည်မှာ နှစ်စဉ် တိုးတက်မှုအခြေအနေများကို နှိုင်းယှဉ်နိုင်ရန် အခြေခံသည့်ခုနှစ်ကို ဆိုသည်။

(စ) **ပုံမှန်ဈေးနှုန်း**ဆိုသည်မှာ အခြေခံနှစ် ၂၀၁၀-၂၀၁၁ ခုနှစ်တွင် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ ဈေးနှုန်းကို ဆိုသည်။

(ဆ) **နှစ်အလိုက်ဈေးနှုန်း**ဆိုသည်မှာ သက်ဆိုင်ရာ ဘဏ္ဍာရေးနှစ်အလိုက် ဖြစ်ပေါ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့၏ဈေးနှုန်းကို ဆိုသည်။

(ဇ) **ကဏ္ဍ**ဆိုသည်မှာ ထုတ်လုပ်သော ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု အမျိုးအစားအပေါ် အခြေခံ၍ ဖွဲ့စည်းထားသော စီးပွားရေးကဏ္ဍ (၁၄) ခုကို ဆိုသည်။

(ဈ) **ကဏ္ဍကြီး**ဆိုသည်မှာ စီးပွားရေးကဏ္ဍ ၁၄ ခုကို လုပ်ငန်းသဘောသဘာဝတူညီမှုအပေါ် အုပ်စုဖွဲ့စည်း၍ သတ်မှတ်ခြင်းကို ဆိုသည်။ ယင်းစကားရပ်တွင် လယ်ယာကဏ္ဍကြီးဖြစ်သော (လယ်ယာ၊ သားငါး၊ သစ်တောကဏ္ဍများ)၊ စက်မှုကဏ္ဍကြီးဖြစ်သော (သတ္တုနှင့်တွင်းထွက်ပစ္စည်း၊ စက်မှုလက်မှု၊ လျှပ်စစ်ဓာတ်အား၊ ဆောက်လုပ်မှုကဏ္ဍများ)၊ ဝန်ဆောင်မှုကဏ္ဍကြီးဖြစ်သော (ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ငွေရေးကြေးရေး၊ လူမှုရေးနှင့်စီမံခန့်ခွဲရေး၊ ငှားရမ်းခနှင့် အခြား ဝန်ဆောင်မှုနှင့် ကုန်သွယ်မှုကဏ္ဍများ) လည်း ပါဝင်သည်။

## အခန်း (၂)
## ဦးတည်ချက်

၃။ ဤဥပဒေ၏ ဦးတည်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးရေးကဏ္ဍကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် ကဏ္ဍစုံ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး၊

(၂) အလုပ်အကိုင် အခွင့်အလမ်းများနှင့် နည်းပညာ ကျွမ်းကျင်မှု ရရှိရေးအတွက် ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုမြှင့်တင်ရေး၊

(၃) ပြည်သူလူထု တစ်ရပ်လုံး ရရှိခံစားမည့် လူမှုစီးပွား နယ်ပယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေး၊

(၄) စာရင်းဇယား ကိန်းဂဏန်းများ တိကျမှန်ကန်ရေး၊

(၅) လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလေးထားဆောင်ရွက်ရေး။

## အခန်း (၃)

## စီမံကိန်းလျာထားချက်

၄။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရက ချမှတ်သော မူဝါဒများနှင့်အညီ အောက်ပါအတိုင်း စီမံကိန်းလျာထားချက်များ ထားရှိဆောင်ရွက်ပါမည် -

(က) စီးပွားရေး တိုးတက်မှုနှုန်းကို ပုံမှန်စျေးနှုန်းအရ ၈. ၀ ရာခိုင်နှုန်း တိုးတက်ဖြစ်ပေါ်ရန်နှင့် အခြေခံနှစ်အပေါ် အဆအားဖြင့် ၁. ၁၇ ဆ ဖြစ်ပေါ်အောင် ဆောင်ရွက်ရန်၊

(ခ) နိုင်ငံတော်၏ စီးပွားရေး ဦးတည်ချက်နှင့်အညီ လယ်ယာကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၄၅. ၆ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၁၈. ၃ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ ပါဝင်မှု အချိုးအစားကို ၃၆. ၁ ရာခိုင်နှုန်း အသီးသီးပြောင်းလဲ ဖြစ်ပေါ်စေရန်၊

(ဂ) လယ်ယာကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂. ၉ ရာခိုင်နှုန်း၊ စက်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၂၅. ၅ ရာခိုင်နှုန်း၊ ဝန်ဆောင်မှုကဏ္ဍကြီး၏ တိုးတက်မှုနှုန်းကို ၇. ၁ ရာခိုင်နှုန်း အသီးသီး တိုးတက်စေရန်၊

(ဃ) ကုန်သွယ်မှုကဏ္ဍ၏ တိုးတက်မှုနှုန်းကို ၇. ၉ ရာခိုင်နှုန်း တိုးတက်စေရန်။

## အခန်း (၄)

## ကဏ္ဍအလိုက် မူဝါဒ ရည်မှန်းချက်နှင့် လုပ်ငန်းစဉ်များ

၅။ ၂၀၁၃-၂၀၁၄ ခုနှစ် ဒေသန္တရစီမံကိန်းကာလတွင် လယ်ယာကဏ္ဍနှင့် စပ်လျဉ်း၍ -

(က) မူဝါဒများမှာ အောက်ပါအတိုင်းဖြစ်သည် -

(၁) စိုက်ပျိုးထွက်ရှိလာမည့် သီးနှံများအပေါ် စီးပွားရေးတွက်ခြေကိုက်မှု (Profit) ရှိပြီး ခိုင်မာသော စျေးကွက် (Sustainable Market) ရှိအောင် ဆောင်ရွက်ရန်၊

(၂) စျေးကောင်းရမည့် မျိုးကောင်းမျိုးသန့် မျိုးစေ့များ (Good Quality) အသုံးပြုရန်၊

(၃) ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်များ (Good Agriculture Practice) အသုံးပြုရန်၊

(၄) စိုက်ပျိုးရေး အပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝမြေဩဇာ သွင်းအားစု (Input) များကို အချိန်ကိုက်၊ အချိုးကျအသုံးပြုရန်၊

(၅) တောင်သူလယ်သမားများနှင့် ဝန်ထမ်းများအား စိုက်ပျိုးရေးနည်းပညာများ လေ့ကျင့်ပညာပေးခြင်း၊ စိုက်ပျိုးရေးပညာရှင်များ မွေးထုတ်ပေးခြင်းနှင့် သုတေသနနှင့်ဖွံ့ဖြိုးရေးလုပ်ငန်းများ (Research and Development) ကို အကောင်အထည်ဖော် ဆောင်ရွက်သွားရန်၊

(၆) တောင်သူလယ်သမားများ၏ အကျိုးစီးပွားနှင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်လာခြင်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှုလျှော့ချရေးကို အထောက်အကူပြုသွားရန်၊

(၇) မျိုးစေ့သုံးစွဲခြင်း၊ သွင်းအားစု သုံးစွဲခြင်း၊ လုပ်အားခ အပါအဝင် အပင်စိုက်ပျိုးချိန်မှ ရိတ်သိမ်းချိန်အထိ အလေအလွင့်၊ ဆုံးရှုံးမှု၊ ထုတ်လုပ်မှုကုန်ကျစရိတ် (Production Cost) နှင့် ရောင်းဝယ်လွှဲပြောင်းမှုကုန်ကျစရိတ် (Transactional Cost) များ လျှော့နည်းသက်သာအောင် ဆောင်ရွက်ပေးရန်။

[ ဆက်လက်ဖော်ပြပါမည်။ ]

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပြန်တမ်း

ရန်ကုန်မြို့ | ၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၆ ရက် ( ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၄ ရက် ) | သောကြာနေ့

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၂

### နိုင်ငံတော်သမ္မတရုံး

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

အမှတ် ၃ ။ ။ နိုင်ငံတော်သမ္မတရုံး၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၂ ရက်စွဲပါ စာအမှတ်၊ ၂၄၉ (၄၄)/ ၉/သမ္မတရုံးကို ရည်ညွှန်းလျက် နိုင်ငံတော်သမ္မတရုံး၊ သမ္မတရုံးဝန်ကြီးဌာန (၅) မှ ဦးစီးအရာရှိ ဦးဇင်ကိုအား လက်ထောက်ညွှန်ကြားရေးမှူး လက်ရှိလစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာ၌ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၃

၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက် )

နိုင်ငံတော်သမ္မတရုံး၊ ဒုတိယသမ္မတ (၂) ဦးစီးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်သန်းဦးအား အမှတ် (၁) အခြေခံပညာဦးစီးဌာန၊ ပညာရေးဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှ စ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့်ပြုလိုက်သည်။

### အမိန့်ကြော်ငြာစာအမှတ် ၁၈/၂၀၁၃

နိုင်ငံတော်သမ္မတရုံး၊ သံတမန်ရေးရာဌာနကြီးမှ ညွှန်ကြားရေးမှူး ဦးမိုးကျော်အောင်အား နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ ၂၀၁၃ ခုနှစ်၊ မေလ ၂၁ ရက်နေ့ နံနက်ပိုင်းမှစ၍ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခွင့် ပြုလိုက်သည်။

လှထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်သမ္မတရုံး။

## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၈ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၃ ရက် )

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် တာဝန်ထမ်းဆောင်လျက်ရှိသော အောက်ဖော်ပြပါ ဌာနစုမှူး လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) (၂) ဦးအား လစ်လပ်လျက်ရှိသည့် လက်ထောက်ညွှန်ကြားရေးမှူး လစာနှုန်း (၁၄၀,၀၀၀-၂,၀၀၀-၁၅၀,၀၀၀) ရာထူးနေရာများ၌ **၂၀၁၃ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက်ပိုင်းမှစ၍** အဆင့်တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဒေါ်တင်တင်အေး
ဌာနစုမှူး
အဖွဲ့အစည်းများနှင့်သုတေသနဌာန

(ခ) ဦးနေလင်း
ဌာနစုမှူး
စီမံဌာန

ဇော်သန်းသင်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး။

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

**အမိန့်ကြော်ငြာစာအမှတ် ၂၃/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

**ဒုတိယညွှန်ကြားရေးမှူးချုပ်တာဝန် ထမ်းဆောင်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၁၉/၂၀၁၃ ဖြင့် ဒုတိယညွှန်ကြားရေးမှူးချုပ်ရာထူးသို့ တိုးမြှင့်ခန့်အပ်ခဲ့သော ဦးစိုးကျော်ဦးသည် ဒုတိယညွှန်ကြားရေးမှူးချုပ် (ရွေးကောက်ပွဲခုံရုံးဆိုင်ရာ) တာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည်။

**အမိန့်ကြော်ငြာစာအမှတ် ၂၄/၂၀၁၃**

**ညွှန်ကြားရေးမှူးတာဝန် ထမ်းဆောင်ခြင်း**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်စွဲပါ အမိန့်ကြော်ငြာစာ အမှတ် ၂၀/၂၀၁၃ ဖြင့် ညွှန်ကြားရေးမှူးရာထူးသို့ တိုးမြှင့်ခန့်အပ်ခဲ့သော အောက်ဖော်ပြပါ ညွှန်ကြားရေးမှူး

(၂) ဦးတို့သည် ရာထူးတာဝန်ဝတ္တရားများကို ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လက်ခံဆောင်ရွက်သည် -

| စဉ် | အမည် | ဌာန |
|---|---|---|
| (၁) | ဦးဝင်းဦးခိုင် | စီမံထောက်ပံ့နှင့်ဘဏ္ဍာဌာန |
| (၂) | ဦးသိန်းဦး | သုတေသနနှင့်မှတ်တမ်းဌာန |

**အမိန့်ကြော်ငြာစာအမှတ် ၂၇/၂၀၁၃**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက်

( ၂၀၁၃ ခုနှစ်၊ မေလ ၂၀ ရက် )

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၃ ခုနှစ်၊ မေလ ၁၆ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၂၆/၂၀၁၃ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး လက်အောက်ခံ ကော်မရှင်အဖွဲ့ခွဲရုံးအဆင့်ဆင့်တို့တွင် လစ်လပ်လျက်ရှိသော ဦးစီးအရာရှိရာထူးနေရာများ၌ ခန့်ထားခဲ့ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် တွဲဖက်ထားသော အောက်ဖော်ပြပါ ဦးစီးအရာရှိ (၂) ဦးတို့သည် ယင်းတို့၏ အမည်နှင့်ယှဉ်တွဲဖော်ပြပါနေ့ရက် နံနက်ပိုင်းမှစ၍ အလုပ်တာဝန်ဝတ္တရားများကို လက်ခံဆောင်ရွက်သည် -

| စဉ် | အမည် | ရာထူး | တာဝန်ထမ်းဆောင်သည့်နေ့ရက် |
|---|---|---|---|
| (က) | ဦးခွန်မြတ်ဆန်းထွန်း | ဦးစီးအရာရှိ | ၁၃-၅-၂၀၁၃ |
| (ခ) | ဦးကျော်ကျော်မြင့် | ဦးစီးအရာရှိ | ၁၃-၅-၂၀၁၃ |

တင်ထွန်း၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး။

**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**အမိန့်ကြော်ငြာစာ (၆/၂၀၁၃)**

နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ထားဝယ်မြို့နယ်၊ ကျောက်ရပ်ကျေးရွာအုပ်စု၊ ကွင်းအမှတ်/အမည် (၁၂၆/ငကြဲပြင်ကွင်း)၊ ဦးပိုင်အမှတ် (၁၄၁/၂) မှ မြေဧရိယာ (၀. ၀၈) ဧက၊ ဦးပိုင်အမှတ် (၁၄၂/၂) မှ မြေဧရိယာ (၀. ၁၄) ဧက၊ ဦးပိုင်အမှတ် (၁၄၃/၂) မှ မြေဧရိယာ (၀. ၅၄) ဧက၊ မြေကွက်အမှတ် (၆၁၃) မှ မြေဧရိယာ (၀. ၃၆) ဧက၊ **စုစုပေါင်းမြေဧရိယာ (၁. ၁၂) ဧကအား ကမ္ဘာလုံးဘုရား** ဗုဒ္ဓသာသနာ့မြေအဖြစ် အသုံးပြုရန်အတွက် အောက်မြန်မာနိုင်ငံ မြေနှင့်အခွန်နည်းဥပဒေ - ၃၂ နှင့်အညီ အခွန်လွတ်သာသနာ့မြေဂရန် ထုတ်ပေးခွင့်ပြုလိုက်သည်။

ထွန်းလှအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

## စစ်ရာထူးခန့်ချုပ်ရုံး

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၁ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက် )

အမှတ် ၄၂/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်အား ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးမှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | တင်မြင့် | ကြည်း | ၆၅၈၈၁ |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၄ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၉ ရက် )

အမှတ် ၄၃/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးတို့မှ သဘောတူခွင့်ပြုချက်အရ ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ နေ့ရက်များမှအစပြု၍ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | | |
|---|---|---|---|---|
| (၁) | တင်ဝင်း | ကြည်း | ၆၅၈၈၂ | (၂၇-၄-၂၀၁၃) |
| (၂) | အောင်မြင့်ဦး | ကြည်း | ၆၅၈၈၃ | (၂၈-၄-၂၀၁၃) |

## (ကြည်းတပ်ဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက် )

အမှတ် ၄၄/၂၀၁၃ ။ ။ အောက်ဖော်ပြပါ အရာခံဗိုလ်များအား ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၃) ကြိမ်မြောက် ကာကွယ်ရေးဌာနကောင်စီ၏ အမှုဆောင်အဖွဲ့ အစည်းအဝေးနှင့် ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်နေ့တွင် ကျင်းပပြုလုပ်သော (၂၉) ကြိမ်မြောက် ကာကွယ်ရေး ဌာနကောင်စီ၏ အမှုဆောင်အဖွဲ့အစည်းအဝေးတို့မှ သဘောတူခွင့်ပြုချက်အရ တပ်မတော် (ကြည်း) တွင် ပြန်တမ်းဝင်အရာရှိ (ဒုတိယဗိုလ်) အဖြစ် ၂၀၁၃ ခုနှစ်၊ ဧပြီလ ၃၀ ရက်နေ့မှအစပြု၍ ခန့်အပ်လိုက်သည် -

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၁) | မျိုးသန့် | ကြည်း | ၆၅၈၈၄ |
| (၂) | တင်ဝင်း | ကြည်း | ၆၅၈၈၅ |
| (၃) | စိုးဝေ | ကြည်း | ၆၅၈၈၆ |
| (၄) | မြင့်စိုး | ကြည်း | ၆၅၈၈၇ |
| (၅) | သန်းဦး | ကြည်း | ၆၅၈၈၈ |
| (၆) | ခင်မောင်ထွေး | ကြည်း | ၆၅၈၈၉ |

**တပ်မတော် (ကြည်း)**

| | | | |
|---|---|---|---|
| (၇) | ကျော်ဝင်းစိန် | ကြည်း | ၆၅၈၉၀ |
| (၈) | ချွဲမာန် | ကြည်း | ၆၅၈၉၁ |

အမိန့်အရ

ဒုတိယဗိုလ်ချုပ်ကြီးဝင်းမြင့်၊
စစ်ရာထူးခန့်ချုပ်၊
စစ်ရာထူးခန့်ချုပ်ရုံး။

## စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန
## (အုပ်ချုပ်ရေးနှင့်ဝန်ထမ်းရေးရာဌာနခွဲ)

၁၃၇၅ ခုနှစ်၊ တန်ခူးလဆန်း ၁၁ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၂၁ ရက် )

**စာရေးဝန်ထမ်းများအား ပြောင်းရွှေ့ခန့်ထားခြင်း**

အမှတ် ၁၆၂/၂၀၁၃ ။ ။ ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ သံရုံးစာရေး ဦးမိုးကျော်စွာအား နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဌာနခွဲစာရေးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

အမှတ် ၁၆၃/၂၀၁၃ ။ ။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာဦးစီးဌာနမှ ဌာနခွဲစာရေး ဒေါ်စမ်းစမ်းဝင်းအား မြန်မာကောင်စစ်ဝန်ချုပ်ရုံး၊ ကူမင်းမြို့သို့ သံရုံးစာရေးအဖြစ် ပြောင်းရွှေ့ခန့်ထားလိုက်သည်။

ဒုတိယဝန်ကြီး (ကိုယ်စား)၊
ဝင်းလှိုင်၊
ညွှန်ကြားရေးမှူးချုပ်၊
စီမံကိန်းနှင့်စီမံရေးရာဦးစီးဌာန၊
အုပ်ချုပ်ရေးနှင့်ဝန်ထမ်းရေးရာဌာနခွဲ။

## စက်မှုလယ်ယာဦးစီးဌာန
## ရုံးအမိန့်စာအမှတ် (၄၇/၂၀၁၃)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၆ ရက်
( ၂၀၁၃ ခုနှစ်၊ ဧပြီလ ၁ ရက် )

၁။ စက်မှုလယ်ယာဦးစီးဌာနမှ အောက်ဖော်ပြပါ ဒု-ဦးစီးမှူး (၁၇) ဦးအား လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အဆင့်ရှိ ဦးစီးအရာရှိရာထူးသို့ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၅ ရက်နေ့မှစ၍ ကနဦးလစာငွေ ၁၀၀,၀၀၀/- ဖြင့် ရာထူးတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည် | ဒေသ |
|---|---|---|
| ၁။ | ဦးဇော်မြင့် | အမှတ် (၄၀) စက်မှုလယ်ယာစခန်း၊ ကန့်ဘလူမြို့ |
| ၂။ | ဦးထွန်းထွန်းဦး | အမှတ် (၇၇) စက်မှုလယ်ယာစခန်း၊ တိုက်ကြီးမြို့ |

| စဉ် | အမည် | ဒေသ |
|---|---|---|
| ၃။ | ဦးဇော်မိုးထွန်း | ဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာမြို့ |
| ၄။ | ဦးအောင်မြင့်သန်း | အမှတ် (၆၃) စက်မှုလယ်ယာစခန်း၊ အမရပူရမြို့ |
| ၅။ | ဒေါ်လတ်မွန်ကျော် | စက်ရုံနှင့်သုတေသနဌာနခွဲ၊ စက်မှုလယ်ယာဦးစီးဌာန၊ (ရုံးချုပ်)၊ နေပြည်တော် |
| ၆။ | ဒေါ်စိုးစိုးနွယ် | တိုင်းဒေသကြီးဦးစီးဌာနမှူးရုံး၊ မန္တလေးမြို့ |
| ၇။ | ဦးညိမ်းမောင် | ပင်မပစ္စည်းသိုလှောင်ရုံအဆင့် (က) ကျိုက္ကလို့၊ ရန်ကုန်မြို့ |
| ၈။ | ဦးအောင်ကျော်မိုး | အမှတ် (၁) စက်မှုလယ်ယာစခန်း၊ ကသာမြို့ |
| ၉။ | ဦးသွယ်မောင်မောင်ထွန်း | အမှတ် (၇၉) စက်မှုလယ်ယာစခန်း၊ မြစ်ကြီးနားမြို့ |
| ၁၀။ | ဦးရာကိုင်ထန်း | အမှတ် (၈၃) စက်မှုလယ်ယာစခန်း၊ ကျိုက်ထိုမြို့ |
| ၁၁။ | ဦးညီညီတင် | အမှတ် (၂၈) စက်မှုလယ်ယာစခန်း၊ ရမည်းသင်းမြို့ |
| ၁၂။ | ဒေါ်ဇင်မင်းအေး | ဗဟိုသင်တန်းကျောင်း၊ မိတ္ထီလာမြို့ |
| ၁၃။ | ဦးသန်းကို | အမှတ် (၅၇) စက်မှုလယ်ယာစခန်း၊ ပန်းတနော်မြို့ |
| ၁၄။ | ဦးနိုင်နိုင်မိုး | အမှတ် (၇၃) စက်မှုလယ်ယာစခန်း၊ သနပ္ပင်မြို့ |
| ၁၅။ | ဦးဖြိုးဝေထွန်း | အမှတ် (၇၈) စက်မှုလယ်ယာစခန်း၊ ဝါးခယ်မမြို့ |
| ၁၆။ | ဦးအာကာလှိုင် | စက်မှုလယ်ယာစခန်း (ဆွယ်) တာချီလိတ်မြို့ |
| ၁၇။ | ဦးကျော်ဟိန်း | အမှတ် (၂၇) စက်မှုလယ်ယာစခန်း၊ မင်းလှမြို့ |

၂။ ဤအမိန့်သည် ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၉၈/၇၅/၂၀၁၃/တမ-၂ နှင့် ပြည်ထောင်စုဝန်ကြီးရုံး၊ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ ၂၀၁၃ ခုနှစ်၊ မတ်လ ၂၉ ရက်စွဲပါ စာအမှတ်၊ ၁/၁၉၀ (က) (ရွေး/၁၆) (၆၅၄/၂၀၁၃) အရ ဆက်စပ်ထုတ်ပြန်ခြင်းဖြစ်ပါသည်။

ညွှန်ကြားရေးမှူးချုပ် (ကိုယ်စား)၊
ညိုဝင်း၊
ညွှန်ကြားရေးမှူး (စီမံ)၊
စက်မှုလယ်ယာဦးစီးဌာန။

## အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန

### ညွှန်ကြားရေးမှူးချုပ်ရုံး

မန္တလေးမြို့၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၉ ရက် )

အမှတ် ၁၈ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂၅/၂၀၁၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ် ၁/၁၉၀ (က) ၃/(၀၁၆/၂၀၁၃) တို့အရ သစ်တောဦးစီးဌာနမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့

လွှဲပြောင်းပေးအပ်ခဲ့သော ဦးစီးအရာရှိ ဦးမောင်မောင်စိုး-၂ အား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူး ရာထူးသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်နေ့မှစတင်၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အမှတ် ၁၉ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၂၅/၂၀၁၂) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်စွဲပါ စာအမှတ် ၁/၁၉၀ (က) ၃/(၀၁၆/၂၀၁၃) အရ သစ်တောဦးစီးဌာနမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့သော ဦးစီးအရာရှိ ဦးထွန်းထွန်းဦးအား အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) လက်ထောက်ညွှန်ကြားရေးမှူးရာထူးသို့ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနတွင် စတင်တာဝန်ထမ်းဆောင်သည့် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက်နေ့မှစတင်၍ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

## ညွှန်ကြားရေးမှူးချုပ်ရုံး

မန္တလေးမြို့၊ ၁၃၇၄ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၅ ရက် )

အမှတ် ၂၃ ။ ။ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာနတွင် ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့၌ ကျင်းပပြုလုပ်သည့် စီမံခန့်ခွဲမှုကော်မတီ၏ (၄/၂၀၁၃) ကြိမ်မြောက် အစည်းအဝေး ဆုံးဖြတ်ချက်နှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့်သစ်တောရေးရာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၏ ၂၀၁၃ ခုနှစ်၊ ဇန်နဝါရီလ ၃၁ ရက်စွဲပါ စာအမှတ် ၁/၁၉၀ (က) (၃)/(၁၄၂/၂၀၁၃) တို့အရ သစ်တောဦးစီးဌာနမှ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနသို့ လွှဲပြောင်းပေးထားသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ အရာတော်မြို့နယ်မှ ဦးစီးအရာရှိ (အစမ်းခန့်) ဦးသန်းထွန်းဦးအား အစမ်းခန့်ကာလ (၆) လပြည့်မြောက်သည့် နောက်တစ်ရက်ဖြစ်သော ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၈ ရက်နေ့ နံနက်ပိုင်းမှစ၍ ဦးစီးအရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးနေရာတွင် အမြဲတမ်း အတည်ပြုခန့်ထားလိုက်သည်။

ဌေးအောင်၊
ညွှန်ကြားရေးမှူးချုပ်၊
အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန။

## ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်

( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက် )

အမှတ် ၁ ။ ။ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၀ ရက်တွင် ကျင်းပပြီးစီးခဲ့သော ပြည်ထောင်စု ရာထူးဝန်အဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၁၃) ၏ သဘောတူညီချက်အရ အောက်ဖော်ပြပါ ပညာရေး

ကောလိပ်များမှ လက်ထောက်ကထိက လက်ရှိလစာနှုန်း (၅၉,၀၀၀-၁,၀၀၀-၆၄,၀၀၀) (၃) ဦးအား လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ကို ယှဉ်တွဲဖော်ပြပါနေ့ရက်မှစ၍ တိုးမြှင့်ထုတ်ယူခံစားခွင့်ပြုလိုက်သည် -

| စဉ် | အမည်<br>လက်ရှိရာထူး/ကောလိပ် | လစာတိုးမြှင့်ခံစားသည့်<br>ရာထူး/ကောလိပ် | လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀)<br>ခံစားခွင့်ပြုသည့်ရက်စွဲ |
|---|---|---|---|
| ၁ | ဦးမျိုးညွန့်<br>လက်ထောက်ကထိက (ဖွံ့ဖြိုးရေး-ကာယ)<br>(၅၉,၀၀၀-၁,၀၀၀-၆၄,၀၀၀)<br>လှည်းကူးပညာရေးကောလိပ် | လက်ထောက်ကထိက<br>(ဖွံ့ဖြိုးရေး-ကာယ)<br>လှည်းကူး<br>ပညာရေးကောလိပ် | ၂၀-၂-၂၀၁၃ |
| ၂ | ဒေါ်လှလှချစ်<br>လက်ထောက်ကထိက (ဖွံ့ဖြိုးရေး-ဂီတ)<br>(၅၉,၀၀၀-၁,၀၀၀-၆၄,၀၀၀)<br>မန္တလေးပညာရေးကောလိပ် | လက်ထောက်ကထိက<br>(ဖွံ့ဖြိုးရေး-ဂီတ)<br>မန္တလေး<br>ပညာရေးကောလိပ် | ၂၀-၂-၂၀၁၃ |
| ၃ | ဦးသိန်းနိုင်<br>လက်ထောက်ကထိက (ဖွံ့ဖြိုးရေး-ဂီတ)<br>(၅၉,၀၀၀-၁,၀၀၀-၆၄,၀၀၀)<br>မြစ်ကြီးနားပညာရေးကောလိပ် | လက်ထောက်ကထိက<br>(ဖွံ့ဖြိုးရေး-ဂီတ)<br>မြစ်ကြီးနား<br>ပညာရေးကောလိပ် | ၂၀-၂-၂၀၁၃ |

ကိုကိုတင်၊
ညွှန်ကြားရေးမှူးချုပ်၊
ပညာရေးစီမံကိန်းနှင့်လေ့ကျင့်ရေးဦးစီးဌာန။

## ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

၁၃၇၄ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်
( ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက် )

အမှတ် ၄၉ ။ ။ မော်လမြိုင်မြို့နယ်စာရင်းစစ်ရုံးမှ စာရင်းစစ်မှူး ဒေါ်သန်းသန်းအေး (၃၃၄၆) အား ရေဖြူမြို့နယ် စာရင်းစစ်ရုံးတွင် တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်ရက်မှစ၍ မြို့နယ်စာရင်းစစ်အရာရှိ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) အဖြစ် တိုးမြှင့်ခန့်အပ်လိုက်သည်။

ခင်စန်းဦး၊
ညွှန်ကြားရေးမှူးချုပ်၊
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး။

ပ၊ စ၊ လ - အမှတ် ၆၆၅/၁၂/ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း/စောင်ရေ - ၂၁၀၀/၁၄-၆-၂၀၁၃။